# မနုလညမဟာထေရပုဂ္ဂိ

# ကထာကျမ်းနှင့်

# ကမ္မဋ္ဌာန်းသစ်

# ၂ စောင်တွဲကျမ်း

၈၃၃၆

လူထုမျှော်လင့် တောင့်တလျက်ရှိသည့်
တိမ်မြှုပ်နေသော
မန်လည်ဆရာတော်ဘုရားကြီး၏စာပေ

၁၃၃၁-ခုတွင်

# ဗုဒ္ဓမဟာဂဓေထရုပ်ပွင်

ကထာကျမ်း

နှင့်

# ကမ္ဘဦဂဝိုးသဒါ

# ၂-စောင်တွဲကျမ်း။

ပေါ်ထွက်လိုက်ပြီ။

# ကျေးဇူးရှင်-ပထမ



မန်လည်ဆရာတော်ဘုရားကြီးပုံတော်

# ကျေးဇူးရှင်-ဒုတိယ
# မန်လည်ဆရာတော်ဘုရားကြီးပုံတော်။





အကျိုးတော်ဆောင်, ဦးစိန်ခိုင်။

# သာသနာ့အကျိုးဆောင်၊ ဦးစိန်ခိုင်-၏

# ပန်ကြားလွှာ။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း၌ လဗ္ဗိပေသလ သိက္ခာကာမ သာသနဟိတတ္တိက သံသာရဘယဘီရုက ဖြစ်တော်မူကြကုန်သော ဆရာတော် သံဃာတော်အရှင်သူမြတ်တို့နှင့်တကွ ဥပါသကာ-ဥပါသိကာ ဂုဏ်ရည်ပြည့်ဝ၊ သာသနမာမက သာသနဟိတဓရ ဖြစ်ကြကုန်သော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အား ရိုသေစွာ လျှောက်ထားပန်ကြားအပ်ပါသည်။

ကျွန်တော် " **မောင်စိန်ခိုင်** " သည် စာအုပ်နှင့်စာရေးကရိယာ ဖြန့်ချိရောင်းချခြင်းဖြင့် အသက်မွေးမှု ပြုခဲ့ရာတွင် ဗုဒ္ဓဘာသာကို အထူးသက်ဝင်ယုံကြည်သူဖြစ်သည်အားလျော်စွာ မိမိ၏ လုပ်ငန်းတွင် သမ္မာအာဇီဝ ဖြစ်စိမ့်သောငှါ.....

၁.....ရောင်းမှုဝယ်မှု၌ မှန်ကန်သော သစ္စာကတိရှိခြင်း၊

၂.....အမြတ်ကြီးစား ဖေါက်ပြန်သော ဝိသမလောဘကိုရှောင်ကြဉ်၍ မျှတသော အမြတ်ကို ယူခြင်းဖြင့် စီးပွားရေး သောင်းကျန်းမှုကို ဆန့်ကျဉ်ခြင်း။

၃ --- လူရှင်အများတို့အလိုရှိအပ်သော စာပေနှင့်စပ်သမျှပစ္စည်းတို့ကို ကိုယ်စိတ်ပင်ပန်းခြင်း မရှိစေဘဲ လွယ်လင့်တကူ ရရှိစေရန် အတ္တဟိတ မဖက် ပရဟိတ သက်သက်ဖြင့် စေတနာ အပြည့်အဝထား၍ ဆောင်ရွက်ကူညီပေးခြင်း။

ဤသို့ စသည်ဖြင့် မြတ်စွာဘုရား သာသနာတော်ကိုရင်း၊ ပစ္စုပ္ပန်ပညာရေးလောကကိုရင်း၊ အမြဲတစေ အကျိုး ပြုခဲ့ပါသည်။

ဝင်းပြင်----ရှေးပညာရှိကြီးတို့ ကြိုးပမ်းပြုစုတော်မူခဲ့ကြသော လောက,ဓမ္မ နှစ်ဌာနအကျိုးရှိနိုင်သော ရှေးဟောင်းစာပေတို့ မတိမ်မြုပ်--မပ, ပျောက်စေရန်။

၁----၁၃၂၅- ခုနှစ် တန်ဆောင်မုန်းလတွင် "ဓမ္မယာစနာဒီဒိပနီကျမ်း" ကြီး ကိုလည်းကောင်း၊

၂----၁၃၃၁- ခု နှစ်တွင် "လောကသမ္မုတိ နှင့် လောကသင်္ကေဘ ၂ - စောင်တွဲ ကျမ်း" ကို လည်းကောင်း ရိုက်နှိပ်ဖြန့်ချိခဲ့ပြီးလျှင် ----

၃----ယခုဘဖန် ဆရာတော် အရှင်မြတ်တို့၏ တိုက်တွန်းချက် အရ ၁၃၃၁-ခုနှစ်ဘွင် "မနလဥ္စမဟာထေရုပ္ပတ္တိကထာ နှင့် ကမ္မဋ္ဌာန်းသစ် ၂-စောင်တွဲကျမ်း"ကို ငွေကုန်လူပန်း ခံ၍ မဖြစ်မနေ ကြိုးပမ်း ရိုက်နှိပ် ဖြန့်ချိလိုက်ပါသည်။

ထိုသို့ဖြန့်ချိရာတွင် မိမိအမြတ်ကြေးငွေ ရလိုမှုကို ပဓာနမထားဘဲ လူရှင်အပေါင်းတို့ စိတ်တိုင်းကျ ဖြစ်တော်မူနိုင်ကြစေရန် စက္ကူညံ့,မင်ညံ့,ဖြင့် ဖြစ်ကတတ်ဆန်း ပြီးစီးလွယ် မရိုက်နှိပ်ပဲ စက္ကူကောင်း မင်ကျ, မင်န, ကောင်း၊ သေသပ်လှပ ခိုင်ခန့်၍ အမှားအယွင်းမရှိ တိကျ ပြတ်သားစွာ ဆောင်ရွက် ပေးနိုင်သော "ရွှေမန်းမြို့=သုခဘဘိ" သို့ လွှဲအပ်၍ ရိုက်နှိပ် ဖြန့်ချိလိုက်ရခြင်း ဖြစ်ပါကြောင်း ---- ပန်ကြားအပ်ပါသည်ခင်ဗျား၊

မောင်စိန်ခိုင်၊

..........................................

# နိဒါန်း။

တိပိဋကဓရ ပရိယတ္တိဝိသာရဒ နာနာဂန္ထကောဝိဒ ဗဟုဿုတ ပါဠိဂူ စင်ဖြူသီလ ဝဇီရဉာဏ်ရှင် မုန်ဝင်အာသောက် ပြောင်ကြီး မြောက်၍ ပေါက်သားမာတင် စွယ်စုံရှင်ဖြစ်တော်မူသော ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး၏ အဋ္ဌုပ္ပတ္တိကထာသည် လယ်တီပဏ္ဍိတခေါ် ဦးမောင်ကြီးသည် ရေးသားပြီး ရှိသော်လည်း ၎င်းအဋ္ဌုပ္ပတ္တိကထာသည် အလွန်ကျဉ်းလွန်းသည်ဖြစ်၍ ဖြည့်စွန်း ထုတ်ဆိုရန် များစွာသောအခြင်းအရာတို့ဖြင့် ကြွင်းကျန်သေးသည် သာမက မရဏာသန္နအခါ ဟောပြသည့် ဒေသနာတို့လည်းမပါ၍ သိလိုသည့်ဘပည့်သံဃာ ဒါယကာဒါယိကာမအများတို့ စိတ်အားမရ ရှိကြမည်တွက်တာကြောင့် ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက အတူနေတပည့်ကြီးဖြစ်သော မန်လည်ဂိုဏ်းအုပ် ဆရာတော်နှင့် ၎င်းမြောက်ကျောင်း ဂိုဏ်းထောက်ဆရာတော်တို့ အချင်းချင်းတိုင်ပင်ညှိနှိုင်း၍ ငါတို့အား ရေးသားရမည်ဟု အဘိယာစက ပြုကြသောကြောင့်၎င်း။

သဗ္ဗညု မြတ်စွာ၏ ပရိနိဗ္ဗာန်ပြုရာတွင် အရှင်မဟာကဿပ သခင်သည် မိမိအားသက်န်းစသည် ပရိက္ခရာအထူး ချီးမြှောက် သနားတော်မူသော ကျေးဇူးတော်ကို မြွက်ဆော်၍ ဆပ်အံ့ယေငှါ "တဿ ကိမည့် အာဏျံ ဘဝိဿတိ" အစရှိသောစကားကို မိန့်ကြားတော်မူပြီးမှ ဗုဒ္ဓပါဝစနဘုရားစကားအလုံးကို သိကျ၍ သင်္ဂါယနာတင်တော်မူ၏သို့ ငါတို့လည်း အနွေဝါသိက တပည့် ဖြစ်သည်အားလျော်စွာ ကျေးဇူးတော် အဖြာဖြာကို ပေးဆပ်ရာ ရောက်စေတော့ဟု မနသိကာရပြုမိသဖြင့်၎င်း။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကထာစကားကို မများမနည်း မကြီးမငယ် မကျယ်မကျဉ်း အလျဉ်းသင့်ရာ ဘွေရှာစိစစ်၍ အဋ္ဌုပ္ပတ္တိသစ်ကို ရေးပေအံ့သတည်း၊

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သဗ္ဗဝံသပဒီပါနံ၊ သေဋ္ဌံ ဗုဒ္ဓဉ္စ ဝန္ဒိယာဟံ။
ထေရာဝံသပဒီပါနံ၊ ဧကေရတ္တမအာစရိယံ၊ ။

နေကဂုဏာနမာကာရံ၊ အဏ္ဏုပုဗ္ဗတ္တံ မဟာထေရံ။
ဂုဏာပုဇ္ဇနာဘာဝေန၊ လိခိဿာမိ ယထာဘူတံ။ ။

အဟံ၊ တေဇန္တ နာမသရုတ် အကျွန်ုပ်သည်။ သဗ္ဗဝံသပဒီပါနံ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါဟူသမျှအနန္တတို့၏ ဝံသ စဉ်လာ ဖြစ်ရာဖြစ်ကြောင်းကို ဟောပြတတ်သော သူတို့ထက် သူတို့တွင်။ သေဋ္ဌံ၊ အထူးသဖြင့် ချီးမွမ်းအပ်၍ မြတ်တော်မူထ သော။ ဗုဒ္ဓဉ္စ၊ တရားသုံးပါး ရတနာတို့နှင့်တကွသော။ မြတ်စွာ ဘုရားသခင် သုံးလူ့ရှင်ကိုလည်း။ ဝန္ဒ ဝန္ဒေ၊ ရိုသေမြတ်နိုးလက်စုံ မိုး၍ ရှိခိုးပါ၏။ ဝန္ဒဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ထေရာဝံသပဒီပါနံ၊ အရှင် မဟာကဿပအစရှိသော မထေရ်ဘို့၏အနွယ်ကို ပြတတ်ကုန် သော အာစရိယပရံပရ မဟာထေရအဆက်ဆက်တို့တွင်။ ဧကံ၊ နေဝန်းလဝန်းအတူ စင်ဖြူထင်ရှား၍ တပါးအပါအဝင် ဖြစ်တော် မူထသော။ ဥတ္တမံ၊ သီလသမာဓိစရှိလုံးစုံ ပရိယတ္တိပညာဂုဏ်တို့ နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ မြတ်ထသော။ မေ၊ ငါ၏။ အာစရိယံ အာစရိယဉ္စ၊ ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူသော မန်လည် ဆရာတော်ဘုရားကိုလည်း။ ဝန္ဒဝန္ဒာမိ၊ ကျေးဇူးဂုဏ်အပေါင်းကို အောင်းမေ့၍သာ ရှိခိုးပါ၏။

ပဉ္စဝဿိတ္ထာ၊ ရှိခိုးပြီး၍။ အနေကဂုဏာနံ၊ သီလသမာဓိစသောရှိလုံးစုံ လောကီလောကုတ္တရာဂုဏ်များစွာတို့၏။ အာကာရံ အာကာရသား၊ တည်ရာအစစ် ဖြစ်တော်မူထသော။ မဟာထေရံ မဟာထေရသား၊ အပါနှစ်ဆယ် စွန်းကယ်လွန်ပြီးသည်ဖြစ်၍ ဝယဝုဍ္ဎိဂုဏ်နှင့် ပြည့်စုံသော မထေရ်ကြီး၏။ ဝါ၊ မဟာထေရံ မဟာထေရသား၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုရသော လောကဂုဏ် လတ္တိပေသလ သိက္ခာကာမသီလဝန္တ တိပိဋကဓရ ပရိယတ္တိဝိသာရဒ ပဋိပတ္တိကာရက ဂန္ထဓုရဝိပဿနာဓုရ ဖြစ်တော်မူသော ဓမ္မဂုဏ်တို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ကြီးမြတ်သောမထေရ်၏။ အတ္တုပ္ပတ္တိံ၊ ဖြစ်ဖြစ်သမျှ သိဖွယ်ရသောအကြောင်းအရာ အတ္တုပ္ပတ္တိကို။ တသာ မဟာထေရသာ၊ ထိုမန်လည်သခင် ကျေးဇူးရှင်မဟာထေရ်မြတ်ကြီး၏၊ အား။ ဂုဏာပုဗ္ဗနဘာဝေန၊ ခပ်သိမ်းဥဿုံ အလုံးစုံသော ကျေးဇူးတို့ကို ပူဇော်သည့်အဖြစ်ဖြင့်။ ယထာဘူတံ၊ ဟုတ်မှန်သည့် အာလျော်စွာ။ ဝါ ဟုတ်မှန်သည့်အတိုင်း။ လိခိဿာမိ၊ ရေးသားတည်ထွင် စီရင်ပေအံ့။

ပြဆိုလတ္တံ့သော ကျေးဇူးဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော ငါတို့ကျေးဇူးရှင် **မန်လည်ဆရာတော်** ဘုရားကြီး၏ အကြောင်းအရာအတ္တုပ္ပတ္တိကား ဤသို့တည်း။

ကမ္ဘာလောကပဟူသမ္ဘူ သာသနကြက်သရေ တက်သည့်နေ့ကဲ့သို့ အထွေထွေအလျှံ ဂုဏ်နှင့် ဂုဏ်မတန်လောက်အောင် အသိုးတန်ရတနာတို့၏တည်ရာ မွန်မြန်မာတွင် လွန်စွာထင်ရှား၍ ပေါက်သားမာတင် စွယ်စုံရှင်ဖြစ်တော်မူသော ငါတို့၏ကျေးဇူးသခင် ဗုဒ္ဓသာသနာဝင်သူတို့၏ ကိုးကားရာ ၃ ဖြာသောပိဋကတ် ပရိယတ္တိသာသနာတော်မြတ်၏ စစ်သူကြီး ဦးစီးနာယက ဝါဒဓုရ နိဂ္ဂဟာ ဓမ္မဝါဒီ လဇ္ဇီသူတော်ကောင်းတို့၏ ကျောက်ထိုးအတူ အရေးယူ၍ လေးမှုကိုးစားအပ်သော မန်လည်ဆရာတော် အရှင်မြတ်ဘုရားကြီးသည် ရှေးရှေးသော ဗောဓိသတ္တ အလောင်းတော်

ဟူသမျှတို့သည် လူ့ပြည်၌ဖြစ်ကြ၍ သမ္ဗုဒ္ဓပါရမီကို ဝသီဘော် အနေလ့ဖြင့် ထပ်ဖြေ့လောင်းစွက်သည့် အလားပမာ မဃဒေဝ မင်းရာဇာ၏အဆက် ရှစ်သောင်းလေးထောင်သော မင်းတို့၏အနက် တွင် အနွယ်မပျက် အညွန့်တက်ပြီး ဆက်လက်သည့် နေမိထုံး တို့ကို စိတ်နှလုံးပိုင်းခြား၍ ခြောက်ပါးသောနတ်ရပ်တွင် တုသိ တာပြည်မြတ်မှ လူ့ရပ်သို့လာပြီးလျှင် မြန်မာပြည် အထက်ပိုင်း အပရန္တတိုင်း မြို့မနလည်တွင် သုံးအင်ရတနာတို့ကို ဆည်းကပ်၍ ကျင့်အပ်သောဂိဟိဝိနယဖြင့် ပြည့်ဝစုံလင်သည့်ပြင် မြို့စားရေး ကြီးမှူးနန္ဒရဖြင့်။ နဂရလိခန၊ အာဇီဝရှိကြသော ခမည်းတော် ဦးထင်ညို-မယ်တော် ဒေါ်ဖြေတို့၏အထံဝယ် ကိန်းထိုက်သည့် ဇနကကံ၏စီမံသည့်အစွမ်းကြောင့် ပွဲလမ်း၍ဖြစ်ပြီးလျှင် သက္ကရာဇ် ကောဇာ ထောင့်နှစ်ရာနှင့် သုံးဖြာဝဿ နှစ်အကျတွင် မာသ တန်ခူး ရက်ထူးဆယ့်နှစ် ဆန်းသစ်ဝဖြာ နေ့အင်္ဂါဝယ် ချိန်မှာ နေလွန် ညဉ့်မှန်သုံးချက်တီး ကျော်လွန်ပြီးရာ ဝိသာခါနက္ခတ် မှန်းတည့်မတ်၌ ကောင်းမြတ်သည့်အချိန်ဝယ် စံအိမ်မှထွက်ကြွ သော မင်းသား၏ပမာ ဇမ္ဗူဒီပါတွင် နိမိတ်ပြေး၍ သာသနာရေးကို ဆောင်ရွက်မည့်သူ လူတွင်ဥတ္တမ ပုရိသဇာနည်ကို ကြည်သာစွာ ဘွား မြင်၍ တွင်စေသည့်နာမည်မှာ ရုပ်လက္ခဏာမောက်မာသန့်စွမ်း ဘေးတချမ်းမရှိ ဗျုပ္ပတ္တိအရာကြောင့် (မောင်မာ)ဟု အမည်ပေး၍ မွေးသမိခင် ကျေးဇူးရှင်တို့၏ လက်တွင်ကြီးမား အရွယ်တော် ပွား၍ တဆယ့်နှစ်နှစ်သား အခါဝယ် မနလည်မြို့မှ ရွှေ့ပြောင်း၍ ဝန်းသိုမြို့ တောင်ပေါ်ကျောင်းတွင် အရှင်စော်ဘွားကြီး၏ နောင် တော် ဘုန်းတော်ကြီး ဦးပန်းအောင်၏အထံ စာသင်ရန်အပ်နှံ၍ မြန်မာတို့ ထုံးစံအတိုင်း မဆိုင်းမတွ ဗျည်းသရနှင့် ဝဏ္ဏမကြာ အက္ခရာအလုံး သင်ထုံးသင်နည်း နိသျည်းနှင့် ပုဒ်ဗျည်းမကျန် ကာရန်ဝါပြေ မြန်မာ့သဒ္ဒါ ကဗျာသတ်ပုံ အလုံးစုံသောလင်္ကာ တို့ကို ဘွားဇာတိမှပါသဖြင့် ကပိလက္ခဏာ ပြီးမြောက်စွာအောင် နှစ်မကြာအားထုတ်လျှင် မယုတ်သောဝိရိယ လွန်မင်းသော ဆန္ဒ

ကြောင့် ၁၆ နှစ်လောက်ကပင် ကျွမ်းကျင်လိမ္မာသဖြင့် ဆာဝါ၏ ပြဓာတ်နှင့် ပဒုမဓာတ်ထုပ်ကို ပြုလုပ်စီမံ၍ သဖြန် လေးချိုး ငွေးချိုး တေးထပ် အချပ်ရပ်သောလင်္ကာတို့ဖြင့် ပုရပိုက်တွင် ရေးသား၍ ဓာတ်ရှင်များကို ထုပြီးလျှင် သူငယ်ချင်းဘာဝ ပျော်ရွှင်ကြရန် များကို စီမံနိုင်လောက်အောင်ပင် ငယ်ရွယ်စဉ်က တတ်မြောက် လေသတည်း။

ဘခင်မှုကား သုံးနှစ်သားအရွယ်သောက်ကပင် ကွယ်လွန်ပြီး၍ ၁၃ နှစ်လောက်ရောက်လျှင် မွေးသမိခင် ဒေါ်ဖြေသည် ကွယ်လွန် ပြန်လေလျှင် အမိ၏ အမက သာမဏေရပဗ္ဗဇ္ဇမင်္ဂလာဖြင့် သာသနာ တော်သို့ သွတ်သွင်းလျှင် မြန်လျှင်သောဉာဏ် ပဋိဘာန်ကြောင့် အင်္ဂါနံ့အရင်းစ၍ "သျှင်ဇဝန"ဟုဘွဲ့မည်ရသတည်း။

ထိုသျှင်ဇဝနသာမဏေသည် သာမဏေတို့၏ ကျင့်ရန် လိင် ဒဏ် သေခိယ ခန္ဓကတို့ကို နှုတ်ရ အာဂုံ ပြီးပြည့်စုံအောင် ကြိုးဆောင်သင်ကြား၍ ဘုရားသားရှင်အဖြစ်သို့ ရောက်လတ်သော် အသျှင်သိဂ္ဂဝထေရ်သည်၊ တပည့်မောဂ္ဂလိပုတ္တတိဿသာမဏေကို စဏ္ဍဝဇ္ဇိတမထေရ်မြတ်ထံသို့ စာသင်ရန်စေလွှတ်သော ထုံးနည်း ကဲ့သို့ ဝန်းသိုမြို့ တောင်ပေါ်ကျောင်း ဥပဇ္ဈာယ်ဆရာ အရှင်မြတ် သည် မွေးဘွားရင်းဇာတိ မနုလည်မြို့၏ ကိုးကွယ်ရာ အရှင်နန္ဒ မဥ္ဇူဆရာအထံသို့ စာသင်ရန် စေလွှတ်လေလျှင် ငါးအင်သော တပည့်စတ်နှင့်အညီ ခိုမှီဆည်းကပ်၍ သင်အပ်သမျှ ပါဠိဘာသာ သဒ္ဒါနှင့်သင်္ဂြိုဟ် ဆိုဆိုသမျှ ဂဏ္ဌိနှာရအခုဆုတို့ကို လွယ်ကူစွာ တတ်မြောက်၍ မောက်မာသော သတ္တိဂုဏ်ထူးထွေ ရှိလာခကား ဘုရားရှင်၏ သာသနာကို ငါသာမှ မှုမထမ်းလျှင် ညစ်ညမ်းတော့ မည် ဧကန်ဟုဝေဘန်ဆုံးဖြတ်ပြီးမှ ဝန်တင်သော နွားလားသည် ရုန်းအားကိုကိုးသကဲ့သို့ အမျိုးမျိုးသော စေတနာဖြင့် သဒ္ဒါကိုပွား စေလျက်၊ ဤအသက်, ဤခန္ဓာတွင် ရှင်ပင်၏ သာသနာမှာ ငါ ဆရာပြုမည် စိတ်ထားဖြင့် ဘုရားသားရှင်အဖြစ်မှ။ ။သက္ကရာဇ်

၁၂၂၅ ခု မိန်ရာသီဘပေါင်းလ၏ ပုဏ္ဏမကျော် ငါးရက်တွင် ခဏ္ဍသိမ်အပြင်ဂယ် စင်ကြယ်စွာ ရဟန်းပြုပြီးမှ သုံးရက်မျှ အရတွင် ကျေးဇူးရှင် ဖြစ်တော်မူသော အသျှင်နန္ဒမဥ္စ။ မထေရ်ဖြတ်သည် တပည့်အား ကျောင်းအပ်၍ နတ်ရပ်သို့ ပြန်တော်မူလေပြီးနောက် ရင်းကျောင်းတိုက်တွင် ကျောင်းအရှင်ဖြစ်၍ ငါးအင်သော နိသျှရဗ္ဗကအင်္ဂါမှာ သိက္ခာဝါလိုသေးသဖြင့် အရာမ်တခုတည်းဖြစ်သော တောင်ကျောင်း ဘုန်းတော်ကြီးထံ နိသျှည်း ခံ၍ အကြံတော်ဖြစ်သည်မှာ"ကျမ်းကြီး ပဌာန်း - ကျမ်းငယ်ဆန်း ကျမ်းလတ် ဓာတုကထာ"ဟုဆိုကြသည့် အရာကြောင့် ရှေးဦးစွာဆန်းကျမ်းကို သင်မည်ဟု အတည်ကျပြုပြီးလျှင် မြန်လျှင်သောဥာဏ် ပဋိဘာန်ကြောင့် သင်အံသည့် ဆန်းကျမ်းသည် တဘက်ကမ်း ရောက်လေ၏၊ ထို့နောက် ရင်းဝါ၌ပင် ဓမ္မသင်္ဂဏီ မာတိကာ-ဓာတုကထာ,ယမကတို့ကို ဝါစုဂ္ဂဘ အရဆောင်၍ အကြံအောင်ပြန်သတည်း။ ၊ထို့နောက် ပဋ္ဌာန်းကျမ်းကို အားသစ်ပြန်လေလျှင် ပစ္စည်းပိုင်ကိုမမြင်၍ ကြံဆင်ခြင်သည်မှာ ၃-လကျော်၊ ၄-လခန့်ကြာလေသတည်း။

သို့ပင်ကြာသော်လည်း ဆရာမရှိမိမိအလိုလိုဖြစ်၍ အားသစ်သမျှ ဝိရိယ၏ကျေးဇူးသည် အထူးဘာမျှမထင်ရ ဘား-မရှင်သောမျက်နှာမသာသော စိတ်ထားဖြင့် ကျောင်းအရာမ်အတွင်း၊ သဖန်းပင်ကြီးအရင်းတွင် မှီတင်းနေထိုင်လျက် ကိန်းစက်၍နေချိန် မျောက်မည်းခိုက်အကြံမ်တွင်အိပ်မက်တော်မြင်သည်မှာ လေးခွင်သောသမုဒ္ဒရာ၏အလယ်တွင်နေလျက် ရေတစက်ကိုမျှမထင်မြင်ဟု မက်ရာမှ စိတ်အားကိုချ၍ ဝိနယသင်္ဂဟ အဋ္ဌကထာနှင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့ကို အခါခါလေ့ကျက်ပြီးမှ ဂန္ထန္တရကျမ်းအစုံတို့ကို ထုံးမှုံ့အလားထွားထွား ညက်ညက် ဆောင်ရွက် သင်အံ့နေရာ ရဟန်း သိက္ခာတပါအရတွင် ယိုသိမ်၏ အပြစ်ကိုမြင်၍ ဆင်ခြင် စဥ်းစားလျှင်ဘုရားရှင် သာသနာဝယ် ကြာရှည်စွာ အမှုထမ်း၍ သာသနာပြုရဟန်းဖြစ်မည်ကြောင့် သိက္ခာဟောင်းတခါကို ပယ်ခွာ စွန့်ပစ်၍

သိက္ခာသစ်ထပ်မံရန် မဲဇာမြစ် သိမ်သိမံတွင် ရဟန်းခံ ပွဲကြီးယင် ပြီးမှ ရှေးနည်းအတိုင်း ဂန္ထာဂုရု တရားကို အားထုတ်၍ နေဆဲ အခါ ရဟန်းသိက္ခာသုံးဝါအရ ရွှေမြို့တော် မန်းနဂရ၏ နောက်မြောက် ရပ်မျက်နှာတွင် ကျောင်းထီးလင်းတိုက်အပြင်ဝယ် ခိုဝင်ခါ ကိန်းအောင်း၍ ရဟန်းကောင်းတို့၏ လေ့ကျင့်ရာ စောမြတ်စွာ၏ ပါဠိဝစနဟူသမျှနှင့် ပဋ္ဌာနဒေသနာကို တဝါမျှနည်းယူ၍ ထက်ပြည့် သူမန်လည်သား တို့၏ အမွန် မန်လည်မြို့ဝန် သမန္တရာဇာ၏ ပင့် လျှောက်ချက်ဖြင့် အထက်သို့ပြန်ကြွ၍ သာသနာ့တာဝန်ကို ကြီး လွန်သော ဥဿာဟဖြင့် ဂဏဝါစကပြုလုပ်၍ အားထုတ်တော်မူဆဲ ပင် ငယ်ရွယ်စဥ်အခါက သင်ကြားတော် မူခဲ့ရသော မဃဒေဝ ဇာတကကို ဝိတ္ထာရ ဝေဘန်၍ မြန်မာသံစကားဖြင့် လင်္ကာသွား ပေဖြာအောင် ပဒေသာသီးမျိုးစုံကဲ့သို့ နည်းအမျိုးမျိုးကျန်အောင် ထည့်သွင်းပြုပြီးလျှင် မှိတင်းကြည့်ရှုကြသမျှ အကျိုးရကြစေအောင် ကြံဆောင်စီမံ၍ ဆောဘန် အားထုတ်တော် မူပြီးအခါ ရဟန်းတို့ သိက္ခာမှာ ဆယ်ဝါကျော်အရ မြစ်စဥ်ခရိုင်ဝန်နှင့် တွေ့ကြ၍ မေး လျှောက်သမျှ ပုစ္ဆာတို့ကို လွယ်ကူစွာ ဖြေကြားပြီးနောက် ဇာတ ကထာကျမ်း၏ အရကောက် အမေးများကို စီရင်ပြီးလျှင် ဉာဏ် လျှင်သော ပုဂ္ဂိုလ်တို့မေတ္တာ ဝါသနာတော်၏ အလေ့အတိုင်း မဆိုင်းမတွ ထိုခဏတွင်ပင် မြစ်စဥ်ဝန်ကို ဖြေစေရာ ခဲခက်သည့် ပြဿနာတို့ကို ဖြေဘို့ရာ ခဲကပ်၍ ဝန်ချမှတ် အတောင်းပန်ဖြင့် အကတော့ခံတော် မူရလေသည်မှစ၍ တစတစ ဂုဏ်တော်သည် နေပြည်တော် မန္တလသို့ ရောက်အောင် ထွန်းတောက်တော်မူလေ သတည်း။

ထိုသို့ထွန်းတောက်၍ မန္တလအရောက် ဂုဏ်တော်တွေပေါက် လေလျှင် အသျှင် ဦးပဏ္ဍဝံသ အမည်တော်ရသော မင်းကွန်း အလည်တောရဆရာတော်ဘုရားသည် ၁၂၄၃-ခု နတ္တော်လဆန်း ၁၂-ရက်နေ့တွင် ပဥ္စစတ္တာလိသ(၄၅)ပုစ္ဆာကို ထုတ်၍ ပြဿနာ

ပြုလုပ်မေးလျှောက်ချင်း၊ ပုစ္ဆာ(၄၅)ကို တမဟုတ်မကြာ ဖြေကြား၍ ညာဏ်တော်တွေ ပြန့်ပွားတော်မူရကား၊ ၁၂၄၄–ခု ကဆုန်လဆန်း ၈-ရက်နေ့တွင်……

ကျွန်းသီဟိုဠ်စေတီမြတ် တပတ်တွဲကြီးတာ၊ ရွှေတိဂုံ ဆံတော်ဓာတ် သုံးပတ်ပြည့်ပါ၊ သည်အလို ထေရ်ကိုဘုန်းငွဲ့ ပိုနှုန်းသင့်ရသလျှာ။ မိန့်စပါအပြီး။ ။မင်းဒုမ္မာ၊ ဓာတ်ပေါင်းစုံ မှာပနာတဲ့ မြတ်မဟာစေတီပုံက ရွှေတိဂုံဆံတော်မြ၊ ဘယ်နှစ်ဆကြီး။ ။

ဟု မေးလျှောက်အပ်သော ပထမပုစ္ဆာကို အစပြု၍ လောကီ၊ လောကုတ္တရာ အဖြာဖြာတို့ဖြင့် အရာရာစုံလင်သောပြဿနာတို့ဖြင့် တန်းဆာဆင်လျက် အပုဒ်တရာထား၊သော ပြဿနာကို "သတပဒိက ပုစ္ဆာ"ဟု ဘွဲ့အုပ် စာရေးလုပ်၍ မေးလျှောက်တော် မူပြန်သတည်း။

ထိုနောက် သက္ကရာဇ်—၁၂၄၅-ခု နှစ်တွင် မဖြစ်စဘူး အထူးတအင် ကချင်သိမ်းဘောတို့ ဘေးဖြင့် ရက်တွေး ရောနှောလျက် ကြောက်မက်ဘွယ် ဖြစ်ရာ ခေတ်အခါ ဝိပ္ပတ်၌ စိတ်မြတ်တော်မူချက်ဖြင့် နှစ်သက်တော်မူအပ်သော သာမညဖလသုတ်ပါဠိတော်ပါဠ်အနက်၊ ဖုဿဝေဿရဂါထာပါဠ်အနက်၊ သမဏာဘဒြကထာကျမ်း၊ သမဏာပဋိရူပကကျမ်း တို့ကို ရှင်လန်းစွာစီရင် တည်ထွင်တော်မူပြီးမှ သာဝကတို့အား၊ တရားညွှန်ပြသြဝါဒဖြင့် ဗုဒ္ဓမြတ်စွာ သာသနာကို ထောက်ညှာငဲ့ထား၍ ကြံ့ခိုင်စားပြုစုတော်မူလေလျှောင် ရှင်တုရှင်ဝါ ရှင်မသမ္မာတို့သည် ကေသရာဇာခြင်္သေ့မင်း၏ စံခန်း ပျော်ရာ ရွှေဂူရှိတောဝနာသို့ မပြုလာ မသိဝံ့ကြ သကဲ့သို့ ရှုံ့ ကြောက်သောစိတ်များကြောင့် ထေရ်ဘုရားကိန်းပျော်ရာ အထက်ပိုင်းမြန်မာမှာ မပြုလာမပေါ် ဝံ့ကြ၍ အခွန့်တော် ရှည်ကြာစွာ မြတ်ဗုဒ္ဓ သာသနာသည် နေအဝါအရောင်လျှမ်း၍ မှောင်မသန်း ရှိသကဲ့သို့ ဖြစ်လေသည်။

ထိုသို့မြတ်စွာ သာသနာသည် မြူလွှာဆီးနှင်း တိမ်ခိုးကင်းသော နေမင်း၊လမင်းပမာ စင်ကြယ်စွာ ရှိလေအောင် ထမ်းဆောင်သည့် ဂုဏ်အရောင်သည် တန်းဆောင်ထိန်ညီး မီးပုံကြီးမက လျှမ်းတက်တောက်ပရာတွင် မန္တလပြည်ခွင်မှ ဝန်ရှင်တော် အဂ္ဂမဟာသေနာပတိ ဘွဲ့တံဆိပ်တော်ရရှိသော ကင်းဝန်မင်းကြီးသည် ၁၂၄၈-ခုနှစ်တွင် မန်းသည်မြို့မ ပြာသာဒ်ကျောင်းကြီးသို့ နှစ်ကြိမ်မြောက်ကိုယ်တိုင် လာရောက်၍ လောကဓမ္မ နှစ်ဋ္ဌာနတို့၌ ကျနအောင်ရုံစမ်းပြီးလျှင် ကြည်ရွှင်သော သဒ္ဓါတရားကြောင့် လေးပါးသောပစ္စယအရာဝယ် ဒါယကာမှတ်တော်မူပါဟု ဘိတ်မန်ခြင်းပြုသည်ကိုခံရလေလျှင် မင်းထင်ရာဇသမန္တစည်သူဘွဲ့ခံ မြတောင်ဝန်မင်းသည် ကိုးကား၊ပြန်၍ တောင်းပန်သည့်အရာကြောင့် ပညာညာဏ်ရှေ့သွား ကရုဏာတရားဖြင့် ၁၂၅၁-ခု နယုန်လတွင် ရေးသားစီရင်သည့်ကျမ်းမှာ “ ဒိဋ္ဌိဝိသောဓနဝဇီရဂ္ဂဒီပနီကျမ်း ” ဖြစ်လေသည်။

ဇင်းနှစ်ပြာသိုလတွင် မင်းထင်မင်းလှ သမန္တရာဇာ အမည်သာသော ကျောင်းဒါယကာ မန်းလည် မြို့ဝန်သည် ထက်လွန်သောသဒ္ဓါတရားဖြင့် လျှောက်ကြားအပ်သည် ဖြစ်ရကား...... ကရုဏာအစဉ်သနားသဖြင့် ရေးသားတော်မူအပ်သောကျမ်းမှာ “ ဂတိဝိသောဓန ” အမည်ရသော ကျမ်းဖြစ်လေသည်၊ ထိုနောက်မကြာဂုဏ်ရောင်ဝါသည် အောက်မြန်မာ တိုင်းရပ်သို့ ထုတ်ချင်းခတ်ရှိလေလျှင် ရာမညတိုင်း၊ခွင်မှ ဖြူစင်သော သဒ္ဓါတရားဖြင့် လျှောက်ကြားအပ်သော ပြဿနာအစုကို တခုမကျန် လက်ခံ သိမ်းပိုက်တော်မူပြီးလျှင် ရွှေကျင်သံဃာတို့၏ အကြီးအမှူး ဦးစီးနာယကမဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ တောင်းပန်ချက်ကြောင့်၊ “ ဝဇီရှုပမဗျာကရဏကျမ်း ”ကို ရေးသားတော် မူပြန်သတည်း။

ထိုနောက်ပျဉ်းမနားမြို့ မြူနီစီပါယ်ရုံးစာရေးကြီးမောင်ထွန်းလှိုင်၏လျှောက်ချက်အရဖြင့် “ ဝဇီရဗုဒ္ဓရပကာသနီကျမ်း ” ရွှေကူမြို့

သစ်တောကံထရိက် မောင်ဘိုးစိတ်ရှိလျှောက်ချက်အရ "သောဠသ
သဗ္ဗုစတုသစ္စဝဏ္ဏနာပါဌ်အနက်" ကို ရေးသားတော်မူခြင်း။ ရင်း
ရွာကူမြို့သိမ်ဒါယကာ မောင်မေတ်တို့လျှောက်ထားချက်အရ "ပဋိစ္စ
သမုပ္ပါဒ်ပါဠိတော်ပါဌ်အနက်" နှင့် "မဟာဝဇီရညာဏဝဏ္ဏနာပါဌ်
အနက်၊ ဒေဝသိကဝလဥ္ဇနမဟာဝဇီရညာဏဝဏ္ဏနာ ပါဌ်အနက်"
တို့ကို ရေးသားတော်မူခြင်း။ ထိုမှတပါး "ဗုဒ္ဓဝံသဝဏ္ဏနာ ပါဌ်
အနက်၊ ဒသဗလညာဏဝဏ္ဏနာပါဌ် အနက်၊ ဒသကာယဗလဝဏ္ဏနာ
ပါဌ်အနက်၊ ရတနာရန္တစ်ပါးအခြီး၊ အမိန္တေယျဂုဏ်တော်ဘွဲ့
အခြီး၊ နိဗ္ဗလောဘာသရောင်ခြည်တော် ဘုရားရှိခိုးပါဌ်အနက်၊
တရားတော်ရေစက်ချအမျိုးမျိုး" စသည်တို့ကိုစရိုက်နှင့်လျော်စွာ
သဒ္ဓါကို ဖြစ်ပွားစေခြင်းငှါ ရေးသား၍ တကာ-တကာမတို့အား
အရကျက်စေခြင်း။

မိုးထားမြို့-သူကြီးလျှောက်ထား၍ "တိမူလ ဘင်္ဂဝဏ္ဏနာ ပါဌ်
အနက်" ကို ရေးသားတော်မူခြင်း။ ။ကိုယ်တော်တိုင် စည်း
ကြပ်၍ပူဇော်ရိုက်ပျိုးအပ်သော ဗောဓိပင်ကို ဦးတင်ညွှတ်တွား၍
အများတို့ရှိခိုးကြစေရန် "မဟာဗောဓိဝဏ္ဏနာပါဌ်အနက်"ကို ရေး
သား၍ တကာ-တကာမအများတို့အား အရကျက်စေခြင်းစသော
အားဖြင့် ရတနာ သုံးပါးတို့၏ ဂုဏ်တော် ကျေးဇူးတော် တို့ကို
ထုတ်ဖော်၍ သဒ္ဓါတရားကို နှိုးဆော်တော်မူခြင်း၊ ကသာမြို့
သံဃာတို့ဥပသမ္ပဒကံဆောင်ရာတွင် ဟတ္ထပါသ် အငြင်းအခုံ ဖြစ်
သော ဝိဝါဒါဓိကရုဏ်းကို ဖြေဆိုဆုံးဖြတ်၍ ရေးသားပေးပို့အပ်
သော "ဟတ္ထပါသဝိနိစ္ဆယကျမ်း" မန္တလေးမြို့အနောက်ပြင် ခင်မ
ကန်တိုက် ဂဏဝါစက သံဃာဘော် (၃၀၀) ကျော်တို့၏ ဝချ
သခင် အသျှင်သီလာစာရ၏ လျှောက်ထားတောင်းပန်ချက်အရ
ကြောင့် ဝေါဟာရမသဒ္ဒါ၏ အတ္ထဝိနိစ္ဆယကိုရင်း၊ အဂ္ဂမဟာ
ပဏ္ဍိတဘွဲ့ခံ နိုင်ငံလုံးထင်ရှားသော မုံရွာမြို့လယ်တီဆရာတော်
ဘုရားကြီး လျှောက်ထားချက်အရ သောတာပန်သုံးမျိုးကို ခွဲခြားဆုံး

ဖြစ်သော ပုဏ္ဏောဝါဒသုတ္တန္တနာကျမ်းကိုရင်း၊ ဖြေကြား ပေးပို့တော်မူခြင်း၊ လောကီလူတို့၏အကျိုးငှါလည်း"အာယုဒယ" နာမမည်ဆန်း၊ ထိုသည့်ကျမ်းနှင့်တကွ "မင်္ဂလာရတုကျမ်း" များကိုကြိုးပန်းအား ထုတ်တော်မူခြင်း၊ ထို့ပြင်စာသင်နန်ယ် များသူငယ်တို့၏သင်ဘွယ် ရာအခက်၊ စာသင်ရဟန်းတို့၏ အခြေပြုမာဂဓဘာသာ သက္ကတ ဘာသာ နာဂရီဘင်္ဂလီအက္ခရာရေး သဒ္ဒါကျမ်း အရပ်ရပ်တို့မှ ထုတ်နှုတ်၍ ပြုလုပ်စီမံတော်မူအပ်သော "ကစ္စာယနသင်္ဂဟ-သုသုဟာ ရကပါဠိနိဿယကျမ်း" လည်း ထင်ရှားစွာပေါ်ပေါက်ခဲ့၏။

ထိုမှတပါး သီဟိုဠ်သို့ ပေးပို့ရန် ဝဇိရာရာမ ဆရာတော်ဘုရားကြီး၏ တောင်းပန်တိုက်တွန်းခြင်းကိုအရင်းပြု၍ သဗ္ဗညုသာသနာ တည်ထွန်းရာ အရပ်ရပ်သို့ နှံ့စပ်အောင် ရောက်ရှိလျက်ရှိသော သီဟိုဠ်ပေး "သီမဝိစာရဏာ"မည်သော ပါဠိဘာသာကျမ်း၊ မိုးညှင်းကျတ်မြို့ ဒါယကာဘို့ တောင်းပန်ခြင်းကို အရင်းမူလ ပဋ္ဌာနပြုသဖြင့် ပြုစုတော်မူအပ်သော "မဏိဇောတိက ဝိသုဒ္ဓနာကျမ်း" မိုးသွားမြို့ လက်ပန်ရွာ မန်ကျည်းပင်ကျောင်း ရှင်ကေတုသည့် နစ္စ ဂီတ ဝါဒိတ အရာများသည် သဘင်သည်တို့သာ အဝိစိငရဲ၌ ခံရကြောင်း ကြည့်ရှုသူတို့မှာ အပါယ်ကျသော ပါဠိအဋ္ဌကထာ မရှိဟု ပြောဆိုကြသောစကားများသည် ကျမ်းဂန်နှင့်ညီမညီကို အတည်ကျသိပါရမည့်အကြောင်းနှင့် လျှောက်ထား တောင်းပန် အပ်သည်ဖြစ်၍ "ဝဇိရနိဿယပိနိစ္ဆယကျမ်း"တို့ကို ရေးသား တော်မူခြင်း၊ အာလံမြို့ပင် စဉ်အငြိမ်းစား မြို့အုပ်မင်း ဦးဘိုးအိုတို့ အနတ္တကိုယ်မဟုတ်ဟု အနက်ပေးခြင်းများသည် ကျမ်းဂန်နှင့်မညီ ဟု အလီလီအဝဝ ပြောဆိုကြသည့်ဝိဝါဒကို ဖြေပြဆုံးဖြတ်တော် မူသော "အနတ္တသဒ္ဒါ၏အတ္ထဝိနိစ္ဆယ"တွံတေးမြို့ပရိငတ်မာနတ် ကျင့်ကြသော သံဃာတော်တို့၏ လျှောက်ထားချက်ဖြင့် ရေးသား ပေးပို့တော်မူအပ်သော"ပရိဝါသိကဝိနိစ္ဆယ" ရွှေဘိုမြို့ဝေဠုဝန် ဆရာတော်တို့ လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ ဝိနိစ္ဆယ

ချမှတ်ပေးသနားတော်မူအပ်သော "ပါဒပါဒါရဟာဒိဝိနိစ္ဆယ" စသည်တို့နှင့်တကွ အခဏ်းခဏ်းအဝဝ မြို့ပြပြည်ရွာ အဖြာဖြာ တို့မှ လျှောက်လာသမျှ သံသယတို့နှင့် ဝိဝါဒအဖုံဖုံတို့ကို အာဂုံ အာဂါ အဋ္ဌကထာပါဠိ ရမိကျနသဖြင့် ဂန္ထန္တရအဆူဆူတို့မှ လွယ်ကူစွာထုတ်ယူ၍ ကြည်ဖြူရွှင်လန်း မပင်ပန်းစေဘဲ ရဟန်း မြတ်အာဇာနည် ဖြစ်တော်မူသည်နှင့်အညီ စီရင်ဆုံးဖြတ်၍ ပေးအပ် သနားတော်မူအပ်သော ဝိနိစ္ဆယကျမ်းများလည်း ပျားပန်းခတ် တရထည် အပြည်ပြည်ဋ္ဌာနသို့ ရောက်ကြလျက်ရှိလေသည်။

ဤသို့ရဟန်းမြတ်အာဇာနည်ဖြစ်တော်မူသည်မှာ မကာရလောပ ဂန္ထန္တရပါရဂူ ဖြစ်တော်မူသော တောင်တွင်းဆရာတော် ခင်ကြီး ပျော်မှ ဆင်းသက်၍ ၄-ဆက်မြောက်အကျွတွင် အနွယ်တော် သန့်စင်လျက် ဆက်လက်ဖြစ်ထွန်းတော်မူသည်နှင့်အညီ ပါရမီ ပြည့်ဝ၍ ဝိရိယဉာဏ် ထက်သန်တော်မူလှသဖြင့် အာဇာနေယျ အဖြစ်ဖြင့် ဖြင်ကြီး ဖြစ်တော်မူသတည်း။ ။ထို့ကြောင့် မိမိ၏ အနွယ်တော်မြတ်ကိုလည်း မဃဒေဝလင်္ကာသစ်နိဂုံးတွင်······

ငါတို့အရင်း၊ နွယ်သက်ဆင်း၊ တောင်တွင်းကျော်ဆရာ။
စတုတ္ထမြောက် ငါသို့ရောက်၊ အထောက်စေးမကွာ။
ဆရာဆက်ဆက်၊ နွယ်ဆင်းသက်၊ မပျက်စဉ်အလာ–ဟု
ကိုယ်တော်တိုင် ရေးပြုတော်မူသတည်း။

ဤသို့ သျှင်အာဇာနေယျထေရ်မြတ်လှသည် သတ္တဝါဝေနေယျ တို့နှင့်သာမဏေရှင်ရဟန်း၊ သာသနာမှုထမ်းတို့ကို ပြည်နိဗ္ဗာန် သောင်ကမ်း၊ သို့ မုတ္တောမောစေယျံ ဟူသော ရှင်သုမေဓာစကား၏ အလား ငါရဟန်းတင်ပို့မည်စိတ်ထားနှင့် ဘိတ်ကြား၊ ပင့်လျှောက် ရာသို့ ကြွချီ၍ ဝါကပ်ဆိုတော်မူသည်များမှာ ၁၂၅၁-ခု၊ ၅၂-ခုနှစ် များတွင် ထီးချိုင့်မြို့မှာ ၂-ဝါ တိုင်တိုင် ဝါကပ်ဆိုနေထိုင်၍ သာသနာဘော်မြတ်ကြီးကို ထွန်းကားတောက်ပစေပြီးသျှင် လူရှင်

ရဟန်းတို့အား တရားဓမ္မကို ပြသဆုံးမ၍ စာပို့စာချဖြင့် ဂန္ထ
ဓူရအလုပ်ကိုအားထုတ်၍ နေ့ရက်ကို ကုန်စေပြီးမှ ဝါလကျွတ်
လျှင် တပည့်သားအရှင်တို့နှင့်တကွ မန်လည်မြို့သို့ ပြန်ကြွခဲ့ပြီး၍
သာသနာဘော်၏ အမှုကြီးကို ရှေးနည်းအတိုင်း အားထုတ်တော်
မူသည်မှာ ၃-ဝါပတ်လုံးပင်ကြာလေသဖြင့် ၁၂၅၃-၅၄-၅၅ခုနှစ်
တို့ကိုကုန်လွန်၍၁၂၅၆-ခုဝါကစ၍၅၇ ခု၊၅၈-ခု၊၅၉-ခုနှစ်တိုင်
ရောက်အောင် ကသာမြို့လေးထပ်ကျောင်းကြီး၌ ဝါကပ်ဆိုတော်
မူ၍ ဘုရားမရှိသောအရပ်၌ ငါတို့မနေလိုပြီဟု မိန့်ဆိုသောအသျှင်
မဟိန္ဒ၏ စကားကြောင့် သိဟိုဠ်ကျွန်းအရှင် ဒေဝါနံပိယတိဿ
မင်းတရားကြီးသည်စေတီတည်ရာများကိုသတ်မှတ်၍စေတိယဂိရိ
တောင်ထိပ်အရပ်စသည်တို့၌ ဘုရားရှင်၏ စေတီတော်မြတ်တို့ကို
တည်ထားကိုးကွယ်ရာ သာရီရိကဓာတ်တော်ရဘို့ရန်မှာ ရဟန္တာ
အရှင် မဟိန္ဒ၏ တာဝန်ဖြစ်၍ ပါဠိလိပုတ်ပြည် ခမည်းတော်
အသောကမင်းမြတ်ထံ တူတော် သုမနသာမဏေကိုစေ၍ ဓာတ်
တော်တို့ကိုပင့်ဆောင်ပြီးမှ ဒေဝါနံပိယတိဿမင်းအား အပ်နှင်း၍
ပူဇော်စေ၏သို့။ ။ထိုအတူ ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရား
ကြီးလည်း အကပ္ပိယ ဝိညာဏ်ဝတ္ထုကို မသိမမြင်ဘဲ သက်သက်
စင်ကြယ်သော ဗျာပါရဖြင့် မေရုရာဇစေတီတော်ကြီးကို ကသာ
မြို့၌ တည်စေတော်မူသည့် အခိုက် မတ္တိမတိုက် သောဏသအဝင်
အယုဒ္ဓယတိုင်း လက္ကနောင်မြို့တွင် နေသော ဗုဒ္ဓသာသနာဝင်သူ
ဒေါက်တာဖြေ။ အမည်ရှိသော ဆေးမင်းကြီးသည် ဗန်းမော်မြို့မှ
နယ်လှည့်အပြန် အနတ္တလက္ခဏာသုတ် ဓမ္မကျမ်းကို အမှုနိမှုချမသိ
ရသဖြင့် ဒိုဟာကင်းကွာအောင် ဆရာတော်အမိန့်ရှိပါဟု တောင်း
ပန်ခြင်း အမှုကြောင့်၊ အတ္တဇိဝမရှိကြ၍ အနတ္တ မည်ကြောင်းကို
အကျယ်တဝင့် ဝိတ္ထာရဖွင့်ပြီးမှ ဟောပြတော်မူလေလျှင် ကြည်
ရွှင်သော သဒ္ဓါတရားဖြင့် ဘုရားရှင်သွားတော်မြတ် တဆူသည်
ကပိလဝတ်နေပြည်ဟောင်း တခုသောစေတီကျောင်းမှ ရသဖြင့်
အသင့်ပင်ရှိပါသည်၊ ဆရာတော်စေတီတည်ရာတွင် ပူဇော်လိုလျှင်

လ်ကျွနောင်မြို့သို့ရောက်မှ စာပို့တိုက်ဌာနမှ မကြာရအောင် တင်ပို့ပါမည်ဟု ပဋိညာဉ်ဝန်ခံပြု၍သွားပြီးနောက် ဘုရားလောင်းတို့၏မွေ့တာသည် ရည်မှတ်ရာပြီးစေမြဲဖြစ်သဖြင့် ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီးလည်း အနာဂတ်ဝင်ပန်ဆင်သောဗုဒ္ဓကိုရပုဂ္ဂလဝိသေသကြီးဖြစ်ရကား မြတ်စွာဘုရားရှင်၏ လက်ျာစွယ်တော်ရုံအံသွားတော်တဆူနှင့် သာစထ္တိပြည်သူတို့ကိုးကွယ်သော စေတီမှ တူးဖေါ်၍ရသော သင်းချိုင်းတော်ပြာနှင့်များစွာသောဓာတ်တော်တို့ပါ အရှင်ချုပ်တွင်ထင်လျက်ပါသော ရုပ်ပွားတော် ၄ ဆူတို့ကို ဒေါက်တာဖြူမည်သော ဆေးမင်းကြီးထံမှ သက္ကရာဇ် ၁၂၅၈-ခုနှစ်တွင်ရ၍ ပူဇော်ကြသည့်ပွဲကြီးသည် အပြီးမသတ်နိုင်လောက် အောင်ပင်ဖြစ်သတည်း။

ထိုအံတော်ရောက်ပွဲကြီးကို အကြောင်းပြု၍ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ရေးသားတော်မူသော……

သုံး၊ဆဲ့တဘုံ ဝေဿယျ နိဗ္ဗာန်ပြည်မ ပို့မည်ကြီး၊
လောင်းတော်ကျိပ်ဝင်ဗုဒ္ဓကို၊ တောင်းဆုရည်သန်၊ဗျာဒိတ်
ပိုင်းနှင့် သိုက်တိုင်းမှန်၊ အနာဂတ်ပွင့်မည်ဘုန်းရို့၊ နှလုံး
တော်မြတ် ရည်မှတ်လိုရာ ပြီးရသည်သာ၊ မြတ်လောင်း
တော်ပဏ္ဍာနာ မွေ့တာပြည့်မြဲ၊ ရွှေဘုန်းတော်ခိုလှုံလို့၊ မျို
ပဒုံရွှေသာနတ်တို့မှာ ဖူးကိုယ်ကြပ်မြဲ။

ဟူသော ပုဒ်အစချီသော ၂၇-ပုဒ် တို့ဖြင့် တန်းဆာ ဆင်အပ်သော အံတော်ဘွဲ့တို့တွင်……

အောင်ခြင်းရှစ်တန် ငါးမန်ချိုးလို့ တန်ခိုးနန္ဒာ တုမဲ့ဟုံ၊
ဘုန်းတော်ခြောက်စုံ ဂုဏ်တော်ကိုး၊ ဗိုးအောက်ထက်ခြုံ၊
ဘဝဂ် လွှမ်းလို့ ထက်စန်းကုံ၊ တက်ထွန်းအရုဏ် နေ
ပြိုင်ပသို၊ ၃-ဆိုင်လောက နွှန်းကြွမတူ ဘုန်းများမှန်ကူ။
အောင်ပွဲတော်ယူ အောင်သူတို့ထိပ်နင်း ပြည့်နိဗ္ဗာန်စံပျော်

လို့ နှစ်ထောင်ကျော် လေးရာစွန်းငယ်နှင့် နှစ်လေးဆယ် ပြည့်ပေါ် ညွှန်းခါမှ၊ ရွှေအံ့တော်စကြာရွှန်းခဲ့တယ် ထွန်းထိန်လို့ဝင်း။

ဟူသော (၇) ခု မြောက်သော အချိုးဖြင့်ပင် ၁၂၅၈-ခု နှစ်ကသာမြို့ ဝါကပ်စဉ် အံ့တော် ရောက်ကြောင်း ထင်ရှား၏။ အံ့တော်အစစ်ဖြစ်ကြောင်းကိုလည်း ဋ္ဌာပနာတိုက်တွင်ရသောရွှေပြား၌ သကျဂေါတမဗုဒ္ဓဒန္တာ=ဟူသော နာဂရီအက္ခရာ အရေးကိုမြင်သဖြင့်သိရ၏။ ဤသို့ အံ့တော်မြတ်ကြွရောက်တော်မူလာခြင်းသည် အနာဂဝင် ပန်ဆင်သော ဗုဒ္ဓကီုရ ဘုရားအလောင်းဖြစ်၍ စင်စစ် ဘုရား ဖြစ်လတ္တံ့သော ဗျာဒိတ်အောင်ပန်းကို ဆင်မြန်းစေလိုသကဲ့သို့ရင်း၊ ငါဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့် နောက်သာသနာတော် ၂၄၄၀-ပြည့်ရောက်သောအခါ ငါဘုရားသာသနာကို စင်ကြယ်စွာ သုတ်သင်၍ ကြည်လင်အောင် အားထုတ်သော ဗုဒ္ဓကီုရ ဘုရားအလောင်း၊ ရဟန်းကောင်း အမှုထမ်းရှိရာသို့ ငါ၏လက်ျာ အထက်စွယ်တော်ရံ၊ အံ့သွားသည် ကြွသွားရောက်ရစ်စေသတည်း-ဟု မနောအဓိဋ္ဌာန် ပြုတော်မူရစ်သကဲ့သို့ရင်း မဖြစ်စဘူး အထူးတလယ် အံ့ဩဘွယ်ကြီး တခုဖြစ်ပေသတည်း။

သို့ ရောက်ရှိကြွလာသော အံ့တော်မြတ်ရတနာနှင့် သင်းချိုင်းတော်ပြာ ထက်ဝက်သော ဓာတ်ရတနာတို့ကို ချန်လှပ်၍ ကြွင်းသမျှ ဓာတ်တော်တို့ကို ကသာမြို့ တည်ရင်း စေတီတော် မြတ်၌ ဋ္ဌာပနာတော်မူပြီးမှ မြို့သူ မြို့သားတို့အား ကိုးကွယ် ပူဇော်စေပြီးနောက် ကသာမြို့၌ (၄) ဝါမြောက်လျှင် အံ့တော်ရတနာနှင့်ဓာတ်တော်ပြာတို့ကို ပင့်ဆောင်၍ သိတင်းသုံးတော်မူရင်း မန်လည်သို့ပင် ပြန်ကြွတော်မူခဲ့သတည်း။

ဤသို့ငါတို့ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် မန်လည်သို့ပြန်ကြွသော (၆၀) ပြည့်နှစ်ကစ၍ အခြားအရပ်၌ ဝါကပ်တော်မမူဘဲ ရင်းမန်လည်မြို့မ ပြာသာဒ်ကျောင်းကြီး၌ပင် အမြဲဝါဆို၍

အုံတော်ကို ပူဇော်လျက် ဗုဒ္ဓခမ္မစက်ကို ပိုချ၍ ဂန္ဓာရုံ အမှုကို ပြုရင်း သုံးလူ့မင်း၏ သာသနာသည် ဤနေရာမှာ ကာလရှည်ကြာစွာ တည်စေခြင်းအလို့ငှါ ကသာမြို့ စေတီကြီးကဲ့သို့ ရွှေမြင့်မိုရ် စေတီကြီးကိုလည်း ပြီးစီးအောင်တည်စေတော်မူပြီးမှ ထိုစေတီကြီး၏ ပစ္စိမဒိသာ ရပ်မျက်နှာဝယ် တင့်တယ်လှပစွာ ဆောက်လုပ်အပ်သော ဇာရ္မှကမယပါသာဒ အုတ်ကျောင်းကြီး အတွင်း၌ အုံတော်ကို သွတ်သွင်း၍ အချင်းခပ်သိမ်း ပူဇော်တော်မူလေ သတည်း။

ထိုအုံတော်ကိုသက်တော်(၇၈)နှစ်ရောက်၍ အောက်ရာမည်သို့ ကြွခါနီး စေတီကြီးအတွင်း၌ ပြုလုပ်ပြီးရှိသော မှာပနာတိုက်ကြီးဝယ် ငွေစေတီ ရွှေကလပ် ရွှေကြာပတ် စိန်ခုံ ပတ္တမြားပန်းစုံတို့ဖြင့် အပြီးအစီး တခါတည်း ပူဇော်ကြစေပြီးမှ အောက်ရာမည်သို့ ၈၁-ခုနှစ်ပြာသိုလတွင် ကြွသွားတော်မူသတည်း။ တခါတည်း အပြီးပူဇော်ခြင်းအကြောင်းမှာ ကိုယ်တော်၏ သက်တော် အာယုသင်္ခါရနီး၍ အရွယ်တော်ကြီးသဖြင့် စောင့်ရှောက်နိုင်တော့မည် မဟုတ်ရကား အရပ်တပါးသို့ အုံတော်မြတ်ကြွသွားမည်ကို ကြောင့်ကြတော်မူသောကြောင့်တည်း။ ဤအရာ၌ ကိုယ်တော်၏ အာယုသင်္ခါရကို သိသကဲ့သို့ ရှိတော်မူပါပေ၏။

ဤသို့ဗုဒ္ဓကိစ္စရှိသမျှကို ပြုသင့်သော အရပ်ဒေသတို့၌ ဒေဝမနုဿတို့၏ သဂ္ဂမောက္ခအကျိုးငှါ သေးဖြာသော ပစ္စယတို့ဖြင့် ပစ္စဲရိတပြုကြသော ဒါယကာ ဒါယိကာမတို့အား မြက်ကြားနှီးဆော်၍ ပြီးစေတော်မူပြီးမှ သာသနဝိသောဓနီ သညီမည်ရသိမ်သီမနှင့် ဥပသမ္ဗဒအဖြာဖြာတို့ကိုလည်း မကြာမကြာ သမုတ်တော်မူ၍ အားထုတ်အပ်သည့်အရာမှာ အထက်မြန်မာပြည်နှင့် အမှုဟု ဆိုရမည့်လောက်ပင် ဖြစ်ချေသည်။

အကြောင်းကိုဆိုသော် ၁၂၈၀-ခုနှစ်တွင် အသွန်ဝေးကွာသော ပတ္တမြားနယ် မိုးကုတ်မြို့အဝှင်းသို့ ပရိသမဟာဗ္ဗဂုဏ်နှင့်

ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီးသည် နောက်ပါသံဃာ တော် များစွာတို့နှင့်တကွ သာသနာပြုကြသဖြင့် သိမသမ္မုတိကံ ဥပသမ္ပဒကံတို့ကို ပြုတော်မူသဖြင့် သာသနာတော်ကို သန့်ရှင်းစွာ တည်စေခြင်း၊ ၁၂၇၆-ခုနှစ် တန်ခူးလတွင် သိပေါမြို့ သာသနာ့ ဒါယကာ မဟာရာဇာ စော်ဘွားကြီး၏ သာသနာပြုတော်မူရန် ပင့်လျှောက်ခြင်းကို အကြောင်းပြု၍ သိမသမ္မုတိကံကို ပြုပြီးလျှင် ယွန်းဂိုဏ်းသံဃာတို့ကို အသီးသီး သိက္ခာအသစ်ထပ်ခြင်း၊ ၁၄-နှစ် ကာလပတ်လုံး ရွှေကျင်ဂိုဏ်းသံဃာ, သုဓမ္မာဂိုဏ်းသံဃာ, ယွန်း ဂိုဏ်းသံဃာတို့ မညီမညွတ် ကွဲပြားကြရာ၌ ၃ ပက္ခလုံးစည်းဝေးမိ သော သံဃာတော် ၅၂၈-ပါးတို့၏ အလယ်တွင် တင့်တယ်စွာ နေတော်မူ၍ ဝိဝါဒါပန္န ဘေဒနကမ္မစသော အကုသိုလ်တို့၏ အပြစ်ကိုရင်း၊ သမဂ္ဂရတ သံဃသာမဂ္ဂီ အညီအညွတ်ဖြစ်ခြင်း၏ အကျိုးအာနိသံသ ဓမ္မကထာကိုရင်း လမ်းကြောင်းပြသ၍ ကဏ္ဍာ သုခ နှုတ်မှမဂ်လာဖြင့် မြွက်ကြားခါပြောဆိုပြီးမှ ဝိနယကုက္ကုစ္စက သံသယပါဒိပုဂ္ဂိုလ်တို့ကို ရွေးထုတ်၍ သံသယရှိသင့်မရှိသင့်တို့ကို ထောက်ချင့်စဉ်းစားပြီးလျှင် ဝိနည်းကံအားလျော်စွာ ယထာဘူတ ဝိနိစ္ဆယကို ဟောပြဆုံးဖြတ်တော်မူပြီးမှ ဧကသိမ ဧကဒ္ဒေသအမှု တို့ကို ပြုစေတော်မူခြင်းစသည်တို့ဖြင့် သာသနာတော်၏ တာဝန် အမှုကြီးကို အရေးတခု ဂရုတမူ လျစ်လျူမရှု ပြုပအားထုတ်တော် မူခြင်းများကြောင့် မြန်မာပြည် အထက်ပိုင်းနှင့်အမျှဟု ဆိုသင့်ဆို ထိုက်လှပေသတည်း။

ဤသို့ သာသနာ့တာဝန်ကြီးကို ကြီးမြတ်လုံ့လ ဥဿာဟဖြင့် ကြောင့်ကြတခု မရှုလျစ်လျူ အားသစ်တော်မူသည်၏ အကျိုး ကြောင့် တန်ခိုးတော်ဏ္ဍိပါဒ်သည် ဘိလပ်သို့အရောက်နှံ့လေလျှင် အိန္ဒိယ ဥရောပနှင့် အာရှသရိက် ကမ္ဘာတိုက်ကို သိုက်မြိုက်ဘွယ် ရာ ပြည်ရွာဌာန မကျန်ရအောင် ဆုံးမဥပဒေ၊ အနေကျမှ စိမံ ရှု၍ တိုင်းပြုပြည်ပြု ကမ္ဘာပြုသည့် သတ္တုပကာရဂုဏ် အလုံးစုံ တို့နှင့် ဥဿုံပြည့်ဝ၍ အင်္ဂလန်ရွှေနန်းကို သိမ်းမြန်းစိုးအုပ်တော်

မှူးသော ပဉ္စမမြောက်ဂျော့ဘုရင်မင်းမြတ်၏အမိန့်တော်အရ အိန္ဒိယ ဘုရင်ခံချုပ်အထံမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူကို ၁၂၇၉-ခုနှစ်တွင် ခံယူတော်မူရသတည်း။

ဤသို့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော် အနန္တတို့နှင့် ပြည့်ဝစုံလင်တော်မူသော ငါတို့၏ ကျေးဇူးသခင် အသျှင်ဆရာတော် ဘုရားကြီးသည် မြန်မာပြည် အထက်ပိုင်းနှင့် အမျှသာ မြတ်ဗုဒ္ဓသာသနာကို စင်ကြယ်စွာပြုတော်မူသည်မဟုတ် သေး၊ အောက်ပြည် မြန်မာ မြို့ ရွာ ဒေသတို့တွင် ဇလွန်မြို့ ဌာနမှ ၁၂၈၁-ခု၊ ပြာသိုလ်လဆုတ် (၁၄)ရက်နေ့ မြစ်စဉ်ရေလမ်းဖြင့် သီမသမ္မုတိကိစ္စကို ဆောင်ရွက်တော်မူပါမည့်အကြောင်းဖြင့် ပင့် လျှောက်ကြသည့် ဌာနကြောင့် ဒေသစာလှမ်းကြွ၍ ထို ဇလွန်မြို့၌ သီမသမ္မုတိကံ, ဥပသမ္ပဒကံ, ပဲခွယ်ကျန်းအရပ်၌ သီမသမ္မုတိကံ, ဥပသမ္ပဒကံတို့ကို ကိုယ်တော်တိုင်အားထုတ်၍ သမုတ်တော်မူပြီး လျှင် အောက်ခွင်ဒေသ ရာမညအလုံး အံ့မဆုံးအောင် ဘုန်းတော် ကံတော်ပါရမီတော်အစုတို့သည် တခုမကျန် ဤဘဝတွင် အကျိုး ကျန်ပေးကြမည်အကြံနှင့် စိမ်နှီးဆော်ကြဘိသကဲ့သို့ ကုသိမနဂရ ဟင်္သာတနှင့် မင်းလှ, ရန်ကုန်, သထုံ, မော်လမြိုင်, ဟံသာဝတီ ခရိုင်နှင့် ကြန့်ခိုင်ကြီးမား ပင့်လျှောက်ကြသည့် မြို့ကြီးများတို့သို့ တရားအမြိုက်ကို တိုက်ကျွေးပြီးခါ ဒါယကာ, ဒါယိကာမတို့၏ ပစ္စယအလှူကို ခံယူတော်မူပြီးလျှင် ဘုရားရှင်သာသနာကိုစင်ကြယ် စွာပြုတော်မူခြင်း၊ ပရိသမဟတ္တဂုဏ်တို့နှင့် ပြည့်စုံတော် မူသဖြင့် ဒေသစာရီကြွချီတော်မူခြင်း၊ သူတပါးတို့နှင့်မတူ မြင်သူတို့၏ စိတ် နှလုံးဝယ် အံ့မဆုံးရှုမခန်း ကမ္ဘာပင်ကြွေသော်လည်း ဥဒါန်းမ ကြေနိုင်စရာ ဂိုဏ်းသီးဂိုဏ်းခြားတို့ ခြားနားခြင်းမရှိ၊ အတိဗလဝ သဒ္ဒါဖြင့် လွန်မင်းစွာ ပူဇော်ကြခြင်းများမှာ ရထားကိုပင်တစင်း လုံးတန်းဆာဆင်၍ ကြွလိုသည့်အရပ်ဒေသ ပင့်လျှောက်အပ်သည့် မြို့ပြများသို့ အချိန်မရွေး နာရီမငင်ဘဲ ကိုယ်ပိုင်ပင် ကြွသွားတော်

မှုနိုင်ခြင်း စသည်တို့ကြောင့် ဘုန်းကံရှိသမျှ အကျိုးကျန် ပေးကြသကဲ့သို့ ရှိလေသည်။

ကြွရောက်ရာဒေသ မြို့ပြ ပြည်ရွာ တို့မှ မေးလျှောက်ကြသည့် ပုစ္ဆာ အဖြာဖြာတို့ကိုလည်း လျှော်ရာဆုံးဖြတ်၍ ပေးအပ်တော်မူလေလျှင် ကြည်လင် ရွှင်လန်းသော ရဟန်းတို့၏ ရူပကာယ သမ္ပတ္တိ၊ အဘိသီလသိက္ခာ၊ မဟာပညာဝန္တ၊ ကလျာဏ အစစ် သူတော်ကောင်း မထေရ်ကြီး၏ အဖြစ်ကို စိစစ် စဉ်းစားမိကြ၍ အရှင်သာရိပုတ္တရာ မထေရ်ကြီးတို့ကို ဖူးတွေ့ကြရသည့် အလားကဲ့သို့ စည်းစိမ်ဥစ္စာတို့ဖြင့် တိုးပွားကြီးကျယ် ပေါကြွယ်ပြည့်ဝသော ဒါယကာ ဒါယိကာမများတို့က အစလ သဒ္ဓါတရားဖြင့် တပည့်တော်များ၏ ဥယျာန အာရာမ ဝိဟာရကျောင်း အလှူကို ခံယူတော်မူ၍ တဝါမျှ ချီးမြှောက်တော် မူပါဟု ပင့်လျှောက်ကြသော်လည်း၊ “ သန္တုဋ္ဌိ ပရမံ ဓနံ ” ဟု ဟောတော်မူအပ်သော ဓမ္မပဒဒေသနာတော်ကို ထောက်ထား၍ ယထာလာဘ သန္တောသ ယထာသာရုပ္ပသန္တောသ ယထာဗလသန္တောသ တည်းဟူသော သုံးပါးသော သန္တောသ တို့ဖြင့် လေးဝသော ပစ္စယ အလုံးကိုပင် မခင်မင်ဘဲ ရောင့်ရဲ မှုဘခြင်းသည်သာလျှင် သမဏ ဘဒြ သမဏသုခ ဇာန္တဖြစ်သတည်းဟု ဆင်ခြင်တော်မူသဖြင့်၎င်း၊ “အတ္တာနုဒ္ဓေ ပိယံ ဇညာ” အစရှိသော ဒေသနာတော်ကို ထော ်က်သဖြင့်၎င်း၊၎င်းသူတို့၏ ကျောင်းအလှူကို ခံယူတော်မမူဘဲ စွန့်ပယ်ခွာချ၍ အထက်ပိုင်းဒွါန သိတင်းသုံးတော်မူ၍င်း မန်လည်မြို့မ ပြာသာဒ်ကျောင်းကြီးသို့သာ မြို့ရွာအစဉ်အတိုင်း ပြန်ကြွတော် မူခဲ့သဖြင့် ၈၁ ခု တန်ခူးလဆုတ် (၁) ရက်နေ့ ရောက်တော်မူသတည်း။

ရောက်လျှင်ရောက်ခြင်း လွန်မင်းသောဥဿာဟ ကြီးမြတ်သော ဝီရိယဖြင့် အောက်ရာမညမှ လျှောက်ကြသမျှပုစ္ဆာ၏ ဝိသဇ္ဇနာ မပြုရသေးသမျှတို့ကို ခဏမကြာ အမှာစာဖြင့် လျှော်ရာဆုံးဖြတ်၍

ပေးအပ်တော်မူပြီးမှ သာယာဝတီ မင်းလှမြို့တွင် အရှင်လယ်တီ ဆရာတော်ဘုရားကြီးနှင့် ရှေးဦးစွာ တွေ့ဆုံခြင်းတို့ဖြင့် တွေ့ဆုံတော်မူကြရာ အသက်ထက်ဆုံး အောင်းမေ့အပ်သော ပဋိသန္ထာရအလ္လာပကထာဖြင့် ရှေးဦးစွာပြောဆိုပြီးနောက် ''ဆန်းသံခိပ်ကျမ်းနှင့် အလင်္ကာသံခိပ်ကျမ်း '' တို့ကို ရေးသားတော်မူပါမည့်အကြောင်းနှင့် ဝင်းလယ်တီဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် တောင်းပန်လျှောက်ထားအပ်သည်ဖြစ်၍ လေးစားဂရု အရေးပြုအပ်သော လျှောက်ထားခြင်း ဖြစ်ပေသည့် တကားဟု သဘောတော်သားပြီးလျှင် ရေးသား စီရင်မည်ဟု အားထုတ်ဆဲ အခါဝါးတော် (၅၆) ဝါ သိက္ခာစဉ်လျက် သက်တော် (၇၉) နှစ်သို့ ၅ လ အစင်ထွင် သင်္ခါရဓမ္မ လောကဓမ္မတာ ဇရာဒုက္ခလ အာဒီနဝပိုင်းသို့ ကိုင်းရှိုင်းသက်ဝင်လတ်ခကား ဇရာဗျာဓိတရားသည် ဘိပြား နှိပ်စက်သဖြင့် ဘိသက္ကကမ္မ အာယုဝေဒပညာ လိမ္မာတတ်မြောက်သော မြန်မာသမားတော်အသီးသီး ဒီစတြိတ်မြို့မဆရာဝန်ကြီးတို့နှင့် နှိုးနှောစိစစ်၍ တဆေးမကောင်း တဆေးပြောင်းပြီးလျှင် လွတ်ကြောင်းစီမံ ကြိုးစည်ကုသကြပါသော်လည်း သက်သာခွင့်မရ၍ ''သူရိသသိ သမ္ပုဏ္ဏာနံ ဥဿာဝဗိန္ဒူနံ ဝိဒ္ဒ သနံဝိယ စ အာသန္နံ ဟောတိ''ဟူသော ဒိသုဒ္ဓိမဂ်အဋ္ဌကထာ မိန့်မှာသည့်စကားအရနှင့်

ဥဿာဝဝါဝ တိဏဂ္ဂမှိ၊ သူရိယုဂ္ဂမနံ ပတိ။
ဧဝမာယုမနုဿာနံ၊ မာမံ အမ္ဗ နိဝါရယ။

ဟူသော ဗုဒ္ဓဝစန ဘုရားစကားတို့ကို သဘောတော် ထားမိသဖြင့် သေမင်း၏တမန်သည် အမှန်ပင်ငါ့ကိုစ၍ မရဏသူ့လက်တွင်းသို့ သွင်းတော့မည်ကြန်ဟု ဝေဘန်ပိုင်းခြား၍ မရဏာနုဿတိ တရားကို ပွားများတော်မူပြီးမှ လာလာသမျှ တကာမတကာ ပေါင်းများစွာတို့အား ဒေသနာဓမ္မဖြင့် ဟောပြ သင်ပေးတော်မူသည်မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

၈၃၃၆
တက္ကသိုလ်
စာကြည့်တိုက်

၁။ ဥဒယဗ္ဗယ ပဋိပိဋ္ဌနသဘာဝေါ ဖြစ်ခြင်း ပျက်ခြင်း တို့ဖြင့် နှိပ်စက်တတ်သောသဘော။

၂။ မိဘနှစ်ပါး ချစ်သူများတို့ မခြားတကွ ဖြစ်သမျှမှာ ပေါင်း ရပါကတဲ တည်မမြဲ ငိုပွဲခံရမည်အမှန်သာတည်း၊

၃။ မိဘနှစ်ပါး ချစ်သူများတို့ မခြား တကွ ဖြစ်သမျှမှာ ပေါင်း ရပါကတဲ တည်မမြဲ ရှင်ကွဲကွဲရမည်အမှန်သာတည်း။

၄။ မိဘနှစ်ပါး ချစ်သူများတို့ မခြားတကွ ဖြစ်သမျှမှာ ပေါင်းရ ပါကတဲ တည်မမြဲ သေကွဲကွဲရမည်အမှန်သာတည်း။

၅။ လင်နှင့်မယား ချစ်သူများတို့ မခြားတကွ ဖြစ်သမျှမှာ ပေါင်း ရပါကတဲ တည်မမြဲ ငိုပွဲခံရမည်အမှန်သာတည်း။

၆။ လင်နှင့် မယား ချစ်သူများတို့ မခြားတကွ ဖြစ်သမျှမှာ ပေါင်းရပါကတဲ တည်မမြဲ ရှင်ကွဲကွဲရမည်အမှန်သာတည်း။

၇။ လင်နှင့်မယား ချစ်သူများတို့ မခြား တကွ ဖြစ်သမျှမှာ ပေါင်းရပါကတဲ တည်မမြဲ၊ သေကွဲ ကွဲရမည်အမှန်သာတည်း။

၈။ သမီးနှင့်သား ချစ်သူများတို့ မခြားတကွ ဖြစ်သမျှမှာ ပေါင်း ရပါကတဲ့ တည်မမြဲ ငိုပွဲခံရမည် အမှန်သာတည်း။

၉။ သမီးနှင့်သား ချစ်သူများတို့ မခြားတကွ ဖြစ်သမျှမှာ ပေါင်း ရပါကတဲ တည်မမြဲ ရှင်ကွဲကွဲရမည် အမှန်သာတည်း။

၁၀။ သမီးနှင့်သား ချစ်သူများတို့ မခြားတကွ ဖြစ်သမျှမှာ ပေါင်း ရပါကတဲ့ တည်မမြဲ သေကွဲကွဲရမည်အမှန်သာတည်း။

၁၁။ ရုပ်နာမ်ထင်ရှား ပျော်လိုပြား အများပုထုဇန်တို့၏သဘော တည်း။

၁၂။ ရုပ်နာမ်ထင်ရှား မပျော်ပြား၊ ဘုရားပစ္စေကဗုဒ္ဓါ၊ အရိယာ တို့သဘောတည်း။

၁၃။ ရုပ်နာမ်ထင်ရှား ရှိတုံခြားက ဖျားကြ နာကြ သေပျောက်ကြ ဒုက္ခခံကြရမည် အမှန်ချည်းသာတည်း။
၁၄။ ပြုကျိုးမရှိ ပြင်ကျိုးမရှိ ခံမချိ မသိကျေးဇူးခန္ဓာတည်း။
၁၅။ လုပ်ကျိုးမရှိ ကိုင်ကျိုးမရှိ ခံမချိ မသိကျေးဇူးခန္ဓာတည်း။
၁၆။ စားကျိုးမရှိ သောက်ကျိုးမရှိ ခံမချိ မသိကျေးဇူးခန္ဓာတည်း။
၁၇။ ပြင်ကျိုးမရှိ ဆင်ကျိုးမရှိ ခံမချိ မသိကျေးဇူး ခန္ဓာတည်း။
၁၈။ မခံနိုင်သေ ခံနိုင်နေ နှစ်ထွေနာမ်ရုပ်သဘောတည်း။
၁၉။ ဤကိုယ်ကာယ ရှိသမျှ ဒုက္ခ ခံကြရမည် အမှန်ချည်းသာတည်း။
၂၀။ ဤကိုယ်ကာယ ရှိသမျှ စားကြ သောက်ကြရမည်အမှန်ချည်းသာတည်း။
၂၁။ ဤကိုယ်ကာယ ရှိသမျှ အိုကြရမည် အမှန်ချည်းသာတည်း။
၂၂။ ဤကိုယ်ကာယရှိသမျှဖျားနာကြရမည်အမှန်ချည်းသာတည်း။
၂၃။ ဤကိုယ်ကာယ ရှိသမျှ သေကြရမည်အမှန်ချည်းသာတည်း။
၂၄။ ပြုရင်း ပြင်ရင်း နှိပ်စက်ရင်း အိုခြင်း ခံကြရသည်ချည်းသာတည်း။
၂၅။ ပြုရင်းပြင်ရင်း နှိပ်စက်ရင်း နာခြင်း ခံကြရသည်ချည်းသာတည်း။
၂၆။ ပြုရင်းပြုရင်း နှိပ်စက်ရင်း သေခြင်းခံကြရသည် ချည်းသာတည်း ဟု မထသော ဈောင်းစက်ခြင်းဖြင့် လက်ဝဲနံ့တောင်းသို့စောင်းလျက် ဈောင်းစက်တော် မူရင်းပင် အက္ခရာ မတင်ဘဲ ကြည်လင်သောစိတ်ထားဖြင့် နုတ်မြွက်၍နေ့စဉ်ပင်မိန့်ကြားတော်မူလေသတည်း။

ဤကဲ့သို့ ဝေဒနာသည် ကိုယ်တော်မှာ ခံမချိသော်လည်း အမိမဲ့သားတို့ကဲ့သို့ ရောက်လာသည့်ရှင်လူများကို သနားသဖြင့် ဆင်ခြင်သင့်သော သံဝေဂမြွက်ကို ထင်စွာပြ၍ ဟောကြားတော်မူသည်

မှာ……ဘဂဝါအတုလ သုဂတသည် ကုသိနာရုံ အင်ကြင်းငုံ ပန်း ဖြိုင်၌ အမြိုက်ရွှေနန်း နိဗ္ဗူခန်းသို့ လှမ်းကြွမည့်အခိုက် ဘု သုံးတိုက် သင်္ခါရတို့၏ ဖြစ်သမျှ ခြင်းရာစုသည် သင်္ခါတ အမှုသာတည်းဟု ဆုံးမတော်မူခြင်းကို ပြုသကဲ့သို့ရင်း၊ အရှင်သာရိပုတ္တရာ လက်ျာ မည်သီး မထေရ်ကြီးစသည်တို့၏ နိဗ္ဗာန်ဝင်ခမ်း၌ ဟောထိုက် သည့် သတ္တဝါ အများကို ကရုဏာ ရှေ့ထား၍ သင်္ခါရတရားကို ဟောကြားတော်မူသကဲ့သို့ရင်း။ ။ထို့အတူ ငါတို့ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည်း ကိုယ်တော်မြတ်၏ ဝေဒနာကို ဝေ ဒနာဟု အမှတ်မထားဘဲ ခန္တီစတရားဖြင့် သည်းခံခြင်းရှေ့ရှုထား ၍ ပါရမီဖြစ်ပွားတို့ ညာဏ်တော်အားထင်ရှားသမျှ သင်္ခါရတရား တို့ကို တပည့်ကကာ ဘကာမအများတို့အား ဟောကြားတော်မူ ခြင်းဖြစ်လေသည်။

ဤသို့ဖြစ်ပျက်သမျှ သင်္ခါရတို့ကို မိန့်ဟဟောကြားတော်မူလေ ရှိသည်ကို ထောက်ထား၍ ဆရာတော်ဘုရားကြီး၏ မနသိကာရ နှလုံးသွင်းသည် အခြားတပါးဗာဟိရအာရုံကို အာရုံပြုတော်မမူဘဲ ဖြစ်ပျက်ခြင်း သင်္ခါရတရားတည်း၌သာ ဘာဝနာပြုလုပ်၍ အား ထုတ်တော်မူဟန်ရှိသည်ဟု တွေးတောစဉ်းစားထိုက်သည့်အတိုင်း တွေးဆဆင်ခြင်၍ ထင်မြင်ကြရသော်လည်း အတည်ကျ မသိနိုင် သေးသဖြင့် နောင်သံသရာအရေး ဂတိအလားအတွက်နှင့် တပည့် အများ အားပျက်၍ ဝမ်းမနည်းကြရအောင် ကြိဆောင်၍ လျှောက် ဦးမည်ဟု စဉ်းစား၍ အနီးအပါးတွင် ခစားဝတ်ပြုလျက်ရှိသော ဆရာတော်ဘုရားကြီး၏ အနေ့ဝါသိကတပည့် ရေဦးမြို့ ချမ်းသာ ကြီးတိုက်နေ ရှင်တေဇဝန္တဟုဆိုအပ်သော ငါတို့သည်ပင်လျှင် ဆရာတော်အရှင်ကို လျှောက်ထားသည်ကား……"အရှင်မြတ်နှလုံး သွင်းအပ်သောတရားနှင့် အားထုတ်အပ်သောကမ္မဋ္ဌာန်း စီးဖြန်း သရဇ္ဈာယ်အပ်သော ဒေသနာတို့ကို အသေအချာ အမိန့်ရှိတော် မူပါမှ တပည့်များသိကြရသဖြင့် အားရဝမ်းမြောက်နိုင်ပါမည်၊

သို့တည်းမဟုတ် အားထုတ်သည့်ဒေသနာကို မိန့်ဟာတော်မူပါက
လူဘာဘာဘာပည့်သားဘို့နှင့် ရဟန်းအများမသိကြရသဖြင့် မိဘ၏
တာဝန်ကြောင့် သားမွန်ဘို့ဆင်ရဲ၍ ဝမ်းနည်းစရာကြီး ဖြစ်ကြရ
သကဲ့သို့ အရှင်၏ဘာပည့်တပန်းရှိကြသော ရဟန်းရှင်လူတို့ ဝမ်းပူ
စိတ်ဆွေး၍ တွေးမိရာ တွေးပြီးသျှင် မဖြဲ ရှိကြပါလိမ့်မည်”
အကြောင်းဖြင့် ကောင်းမွန်စွာလျှောက်ထားလျှင် သာဓုသာဓုသာဓု
ဟု ၃-ကြိမ်မြွက် ကောင်းချီးပြုပြီးမှ မိန့်ဟာတော်မူသည်မှာ
အောက်ပါအတိုင်းဖြစ်လေသည်။

“တပည့်တို့ ဆရာမှာ ဝေဒနာအထူးမရှိ၊ ဇရာ၏အတွက်ကြောင့်
အားပျက်ကျန်ခန်း၍ ပင်ပန်းရုံသာရှိချေသည်၊ ထိုပင်ပန်းခြင်းဝေဒနာ
ကိုလည်း အနာဟုငါမမှတ်၊ ငါသိအပ်သည့် ဘုရားစကားတို့တွင်
သင်္ခါတာဓမ္မာ အသင်္ခါတာဓမ္မာ ဟူ၍ ဟောတော်မူအပ်သော ဓမ္မ
သင်္ဂဏီ ပါဠိရပ်၌ အသင်္ခတဓာတ် နိဗ္ဗာန်မဟုတ်သမျှ ပြုပြင်ကြ
ရသည့် သင်္ခါချည်းသာ မဟုတ်လောဟု မိန့်ဟောတော်မူပြီးမှ
ထိုသင်္ခါရှိသမျှ၏ ပြုပြင်ကြရသည့် အခြင်းအရာမှာ အစာအာ
ဟာရ သီတဥတုနှင့် ကံကစိတ်က ဤလေးဝတို့ ပြုပြင်၍ပေးကြ၍
ဤကာယ ဤအထည်သည် သန္တတိအစဉ် မပြတ်ဘဲ ထိုင်ရပ်သွား
ခြင်း လျှောင်းစက်ခြင်းတို့ဖြင့် ကိုယ်တွင်းဓာတ်ရုပ်နာမ်တို့မပုတ်မနံ
မပျက်စီးဘဲ လူမင်းကြီး နတ်မင်းကြီး လူ့သမီး လူ့သားအကောင်
အသည်နှင့် အသက်တွေရှိသည့် အလားကဲ့သို့ အထင်များ အမြင်
များ အပြောများ အဆိုများ အမှတ်များ အသိများကြတိုင်း ဘုရားကို
ပုန်ကန်၍ အသက်ရှိဟန်ပြုလုပ်ကြလေသည်မှာ ငါတို့ပုထုဇ္ဇန်မိုက်
တို့၏ အလေ့သာတည်း။

ထိုကြောင့် မြတ်စွာဘုရားသခင်သည် သံယုတ်ပါဠိတော်၌……
အဟံ လောကေန န ဝိဝဒါမိ၊ လောကော ဝမံ ဝိဝဒတိ ဟု ဟော
တော်မူလေသည်။ ထိုသို့ဟောတော်မူသော ဒေသနာကို ထောက်
ပြီးလျှင် ဘုရားကိုပုန်ကန်၍ ငြင်းဆန်ရမည်ကို ကြောက်လှသော
ငါဆရာသည် သင်္ခါရဓမ္မ ရှိသမျှတို့သည် ပြုပြင်မှ ဖြစ်ကြရသည်

သင်္ခါတချည်းသာတည်းဟု အမြဲပင် နှလုံးသွင်းလျက် ငါရှိသည်၊ သရဏ္ဍာယ်သည့်ဒေသနာ ဝေဒနာတွဲကပ်၍ အမြဲမပြတ် နှိပ်စက်ရလေခြင်းဟု ဝမ်းမနည်း၊ စိတ်မပျက်ဘဲ ရတနသုတ်စသော ပရိတ်တရားနှင့် အနတ္တလက္ခဏာသုတ် ဓမ္မစက္ကပဝတ္တနသုတ် တရားတို့ကို စဉ်းစားအောင်းမေ့၍ သရဏ္ဍာယ်လျက်ငါနေသည်၊ ငါ့မှာမခံသာအောင် ဝေဒနာအထူးမရှိ ဇရာ၏ ပဋိပိဋ္ဌနသဘောမျှကြောင့်သာ မထူနိုင် မထနိုင် မကြွနိုင် မစောင်းနိုင်ရှိနေသည်၊ ဇရာကြောင့် အိုနာကို မျှိုလာအောင် ဆေးစား၍ ဖြစ်မည်လည်းမဟုတ်၊ ပြုလုပ်ပြင်ဆင်ကြရသမျှ ဤခန္ဓာရူပကာယသည် ဘယ်ဟာမှကျေးဇူးကို မသိတတ်၊ အိုခြင်း နာခြင်း သေခြင်းတို့ဖြင့် မပြတ်နှိပ်စက်၍ အသစ်တဘန် ဖြစ်ပြန်ဘို့အချက်တို့ဖြင့်သာ စီမံလျက်ရှိချေသည်၊ သေခြင်းသဘောဆိုသည်လည်း ငါတို့သူငါ သတ္တဝါဟူသမျှတို့ကို မဆိုထားဘိ ဘုရားသဗ္ဗညု သုံးလူ့ဘဆရာ စောမြတ်စွာသော်မှလည်း ဝမ်းသွန်သည့် ဝေဒနာကြောင့် ကိုယ်ခန္ဓာပျက်ဆုံး၍ ဘုံသုံးပါးကင်းလွတ်ရာ နိဗ္ဗူတ ပြည်ခေမာသို့ လျှင်မကြာရောက်ရချေသေးသည်။

ငါတို့ဆရာ စောမြတ်စွာ၏တပည့် ပကတိသာဝက ဟူသမျှတို့ထက် ဆသက်လွန်စွာ လကျ်ာရံကြီး စစ်သူကြီးဖြစ်းတော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်နှင့် လက်ဝဲရပ်ဘုန်းလျှံ တန်ခိုးချွန်ပျံဝယ် သူမတန်ဧတဒဂ်ဖြင့် အမိန့်မြွက်ခံရသော အရှင်မောဂ္ဂလာန်စသော မထေရ်မြတ်တို့သော်မှလည်း အသီးသီးသောဝေဒနာ အဖြာဖြာတို့ဖြင့် မနေသာအောင်နှိပ်စက်၍ နိဗ္ဗူထက်အောင်ခန်းသို့ ငြိမ်းတော်မူကြရသေးသည်ဟု မိန့်တော်မူပြီးမှ ဤခန္ဓာဤဘဝတွင် ဤသမယဤအခါသည် ငါဆရာသိသမျှ သင်္ခါရတို့၏ အနိစ္စလက္ခဏာကို ထင်လင်းစွာပွားများဘို့ အချက်ကြီးပေတည်းဟု အငြိုးစိတ်၌ ငါထားသည်၊ သို့ဖြစ်၍ ငါ၏အတွက် တပည့်တို့စိတ်မပျက် အားမငယ်ကြနှင့်”ဟု ဘွယ်ရာစွာတရားဓမ္မဖြင့် ဩဝါဒပြုရင်းဖြင့်ပင် တော်သလင်းလဆန်း(၁၂)ရက်နေ့သို့တိုင်ရောက်ခဲ့သတည်း။

ဤသို့ ဟောပြအပ်သော ဩဝါဒဓမ္မကိုထောက်သဖြင့်ဧင်း၊ လွန်ခဲ့သော (၁၂၀၁)ခုနှစ် အတွင်းက အောက်ရာမည သို့ ဆင်းသက်တွ မြန်းရာ မျှားစွာသော မြို့ပြတို့၌ အခြားသော ဓမ္မဒေသနာကို မဟာဘဲ သဒ္ဓါတဓမ္မ၏ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကိုသာ အထပ်ထပ်များစွာ ဟောကြားတော်မူအပ်သည့် လက္ခဏာတို့ကို ထောက်သဖြင့်ဧင်း၊ ငါတို့ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ စိတ်အစဉ်သန္တာန်ဝယ် ဤခန္ဓာရုပ်ကာယ၏ အာဟာရအစာတို့ဖြင့် နေ့စဉ်ပင် ပြုပြင်ရခြင်းသဒ္ဓါတ၊ ထိုင်ထလျောင်းစက် လေးချက်သော ဣရိယာပုတ်ကြီး, ကွေးခြင်း ဆန့်ခြင်းစသော ဣရိယာပုတ်အလတ်, မှိတ်ခြင်းဖွင့်ခြင်း ရှုခြင်းရှိုက်ခြင်းစသော ဣရိယာပုတ်ငယ်တို့ဖြင့် မပြတ်မလပ် အထပ်ထပ်အခါခါ သတ္တဝါတို့ပြုပြင်ကြရသည့် သဒ္ဓါတဓမ္မကိုဧင်း၊ ချမ်းလျှင်နွေးပူအောင်ပြုပြင်ရခြင်း, ပူနွေးလျှင် ချမ်းအေးအောင်ပြုပြင်ရခြင်းတို့ဖြင့် မပြတ်မလပ်အထပ်ထပ်အခါခါ သတ္တဝါတိုင်း ပြုပြင်ကြရသည့် သဒ္ဓါတဓမ္မကိုဧင်း၊ လူကောင်းနတ်ကောင်း အဖြစ်ကောင်းဘဝကောင်းကြတို့ သုစရိတဓမ္မသဒ္ဓါရဟုဆိုအပ်သော ဒါန,သီလ ဘာဝနာ အဖြာဖြာသောကံတို့ဖြင့် စီမံပြုပြင်ကြရသော သတ္တဝါတို့၏ သဒ္ဓါတလက္ခဏာကိုဧင်း၊ ပြုပြင်တိုင်းမရကြသဖြင့် အိုကြရ နာကြရ သေကြရအာ ယ်ဘုံ၌ ဖြစ်ကြရသည့် သတ္တဝါများကိုဧင်း လွန်စွာသနားခြင်းကရုဏာဖြဟ္မဝိဟာရကြောင့် မိမိချည်းနိဗ္ဗာန်ချမ်းသာကို ယူလိုသည့်ဆန္ဒမရှိ၊ သတ္တဝါအများကို ကယ်တင်နိုင်ရန် သဗ္ဗညုတဉာဏ်ကိုသာ တောင့်တတော်မူခြင်းဟု ဆိုအပ်သော တမလွန် အကျိုး၌ ကျင့်သော ပဒိုပတ္တိသည် ဗုဒ္ဓင်္ကုရ ဘုရားအလောင်း သူတော်ကောင်းတို့၏ အောင်လံတန်ခွန်ကြီး အဖြစ်ဖြင့် ထင်ရှားကြောင်းကို ကောင်းကောင်းကြီးသိနိုင်၏။

စထိကားမှန်၏ "တပည့်တို့ နိဗ္ဗာန်ယူနိုင်သော ဉာဏ် ဝိရိယ သမာဓိရှိကြရအောင် ယခုဘဝတွင် အားထုတ်ကြ။ ငါ့မှာမူကား

သတ္တဝါအများကြောင့် အဝီစိသွားရမည်ဆိုလျှင် သွားဦးမည်၊ ငါ တကိုယ်တည်း ယခုဘဝဖြင့် နိဗ္ဗာန်ကိုမရလိုသေး၊ ငါနှင့် သတ္တဝါ တွေသည် သံသရာအယဉ်ထည်း၌ တလဲလဲကျန်ရစ်ကြရဦးမည် ” ဟု စကားအသျှင်းသင့်တိုင်း မျှားစွာပင် မိန့်ဆိုတော်မူလေ့ ရှိခြင်း ကြောင့်ရင်း၊ ကိုယ်တော်တိုင်ရေးသားစီရင်တော်မူအင်သော မဃ ဒေဝလင်္ကာသစ္စပိုင်း, နိဂမခင်း, ပဋ္ဌာနာအားသိသနိဂုံး ဤသို့ ယခု ရှိသောပုဒ်၌......

ဤျတ်ကာမဏ္ဍ၊ ကျွတ်ကျန်ကြသား၊ သာဝကဆု၊ ကိုယ် တရမ္မ၊ လွှတ်မှုမကြုံ၊ ဆုကြီးသန်၍၊ သယမ္ဘူတ၊ မြတ် ဉာဏနှင့်၊ သဗ္ဗညုမံ၊ နွှဲတွင်ခံသည်၊ သမ္ဗာသမ္ဗုဒ်၊ နှုတ်ရစ်၊ တုမရစ်ဘဲ၊ ရှစ်မာရဂင်၊ မဂ်ယာဉ်ညည်ဖြင့်၊ ခေမင်္ဂတ၊ဘုံသို့ ကျအောင်၊ များလှတဲ့ထွေ၊ ပေါ်မိတ်ဆွေတို့၊ ဝေဘော ရှိသရွေ့မကျန်စေ့အောင်၊ ဆောင်၍ကိုယ်တိုင်၊ မြို့တောင် ကိုင်သို့ ဗို့နိုင်တုံလစ်၊ မမ္မရာဇ်ဟု၊ ဖြစ်စိမ့်မယွင်း၊ နှလုံး သွင်းလျက် ရိုးချင်းပဋ္ဌာန၊ ငါပန်ထွာ၏......ဟု

စပ်ဆို ဆုတောင်းတော်မူခြင်းများကြောင့်ရင်း၊ ဆိုခဲ့ပြီးသော ပရလောကပဒိုပတ္တိ၊ ဗုဒ္ဓက်ုရ အောင်လံကြီးရှိသည်ကို အများတို့ သိနိုင်ကြ၏၊ ထို့မှတပါး ပစ္စုပ္ပန္န ဟိတပဒိုပတ္တိဟု ဆိုအပ်သော ဘုရားလောင်းတို့၏ အောင်လံ ဘန်ခွန်လည်း အလွန်ပင် ထင်ရှား ဘော်မူ၏၊ ထင်ရှားကြောင်းကား...... ကျောင်း၌ သီတင်းသုံးသမျှ ကာလတို့နှင့် ဒေသစာရီ ကြွချီသော အခါ ကာလများတိုင်းပင် ကိုယ်တော်တပါးတည်းသာ ဆက်ဆံသော ဆွမ်းစသော ပစ္စည်း လေးပါးတို့ကို ဒါယကာတို့ လှူဒါန်း ဆက်ကပ် လာလျှင် ဘပည့် တပန်း ရဟန်း သံဃာ အများတို့အား မမျှတ မဝေဘန်လောက် သေးလျှင် ကိုယ်တော်တပါးတည်း သုံးဆောင်မှိုဲခြင်းမရှိ မျှတစွာ ရှိမှပင် အညီအမျှ သုံးဆောင်တော်မူခြင်း၊ ပစ္စည်းလာဘ်လာဘ

အရာကိုဆိုဘွယ်ရာမရှိသေး ကိုယ်တော်၏စိတ်အစဉ်ဝယ် ဖွေတိဂ္ ဆံတောဲရှင်ကို ဖူးမြင်လိုသောဆန္ဒကြောင့် ရာမညဒေသသို့ ကြွ မည်ဟု ကြံသည်များသော်လည်း လိုက်လိုသမျှ တပည့်သားဘို့ ကို ရထားဖြင့်တင်ဆောင်၍ အတိုး အခ မရှိဘဲ ချမ်းသာအောင် မယူနိုင်သေးသမျှ မကြွဘဲ သည်းခံ၍ ကာလကို ကုန်စေပြီးမှ ပြန် လွှန်တော် မမူဘဲ လွှန်ခဲ့သော ရှစ်လ လောက်မှပင် အောက်ခွင် ရာမညသို့ ဒေသစာရီ ကြွချီတော်မူခြင်း-စသည်များသည် အများ တို့ထင်ရှားသော ပစ္စုပ္ပန္နဟိတ ပဋိပတ္တိဟုဆိုအပ်သော ဗုဒ္ဓကိုရ ဘုရားလောင်း တန်ခွန်ကြီးပေတည်း-ဟု ဆိုသင့် ဆိုထိုက်သော ကြောင့် ပစ္စုပ္ပန္နဟိတ ပဋိပတ္တိဟုဆိုအပ်သော ဗုဒ္ဓကိုရ အောင်လံ တန်ခွန်လည်း ထင်ရှားရှိတော်မူသတည်း။

ဤသို့လျှင် ဉာဏ်တော်၌ ထင်သမျှ သဗ္ဗတမွေတို့၏ အနိစ္စ စသော လက္ခဏာကို ပြန်လွှန်တော်မူမည့် တော်သလင်း ဆွန်း ၁၂-ရက်နေ့ တိုင်အောင် ဟောကြား သုံးသပ်တော် မူသည်ကို ထောက်သဖြင့်ရင်း၊ ဘုရားအလောင်းတော် သုမေဓာ ရသေ့၏ အနုလောမဉာဏ်သို့ ထိသော ဝိပဿနာကဲ့သို့ သစ္စာနုလောမိက ဝိပဿနာဉာဏ်ဟုဆိုအပ်သော အမေဟာ အဏ္ဏာသယာဓာတ်ကြီး လည်း ထင်ရှား၏ဟု အတွင်းသဘော သိသော အနီးတည့်တို့ ဆုံးဖြတ်၍ သိနိုင်ရန်ရှိ၏။ အဘယ့်ကြောင့်နည်း ဆိုသော် သစ္စာ နုလောမိက ဉာဏ်သည်လည်း အရိယသစ္စာတို့ကို ထိုးထွင်း၍ သိခြင်း လောကုတ္တရာမဂ်ဉာဏ်အားလျော်သော ဝိပဿနာဉာဏ် သာတည်း။ ထို့ကြောင့်······"သစ္စာနုလောမိကဉာဏန္တိ အရိယ သစ္စာနံ ပဋိဝေဓဿ အနုလောမတော သစ္စာနုလောမိက ဝိပဿနာ ဉာဏံ"ဟု သမ္မာဒိဋ္ဌိသုတ်ဋီကာ၌ မိန့်ဆိုတော်မူ၏။ ထိုလောက်ပင် ကြီးကျယ်သောဉာဏ်သည် ပုထုဇ္ဇန်တို့သန္တာန်၌ဝယ် ဖြစ်နိုင်ဘွယ် မရှိဟု မသိသောပြောခြင်းဖြင့် မပြောသင့်မပြောထိုက်၊ အဘယ့် ကြောင့်နည်းဆိုသော် "သာသနိကာ ဒ္ဓိဟိပိ" ဟူသော သမ္မာ

ဒိဋ္ဌိသုတ် အဋ္ဌကထာစကားဖြင့်……သာသနိကော၊ သာသနာတွင်း၌ ဖြစ်သော ကလျာဏပုထုဇ္ဇဉ် ဉာဏ်အမြင်ရှိသောသူသည်၊ ဒွိဟိပိ၊ နှစ်ပါးကုန်သော ကမ္မဿကတာသမ္မာဒိဋ္ဌိ, သစ္စာနုလောမိကသမ္မာ ဒိဋ္ဌိတို့ဖြင့်လည်း။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်။ ဟောတိ၊ ဖြစ်၏။ ဟု မိန့်ဆိုသောကြောင့်တည်း။

ဤသို့ ပဋိပတ္တိဟုဆိုအပ်သော ဘုရားလောင်းတို့၏ အောင်လံ တန်ခွန်ကြီးသလျှင် ရှိသည်မဟုတ်သေး၊ ပေးကမ်းစွန့်ကြဲ ချီး မြှောက်လှူဒါန်းသင့်သမျှ ပုဂ္ဂိုလ်တို့အပေါ်၌လည်း ငဲ့ကွက်တွန့်တို ခြင်းမရှိ၊ အရာကိုကြည့်ရှု၍ ပေးစွန့်တော်မူနိုင်ခြင်း သဒ္ဓိန္ဒြိယ တန်ခွန်၊ ရဟန်းပြုတော်မူသည့်နေ့မှစ၍ သွားခြင်း လာ ခြင်း လျောင်း စက်ခြင်း အရိယာပုထ်တို့ကို ပယ်ခွါ၍ ထိုင်ခြင်း အရိယာပုထ် တခုဖြင့် စာပေကျမ်းဂန်ကို အဘန်ဘန် ကြည့်ရှုခြင်း ဝီရိယ၊ ဟောပြောပို့သ ဆုံးမသွန်သင်ခြင်း ဝီရိယ၊ ကျမ်းဂန်ဝိနိစ္ဆယ ရေးသားခြင်း ဝီရိယ၊ ညဥ့်အချိန်လွန်သော်လည်း ကျိန်းစက်ခြင်း မပြုဦးဘဲ နေ့စဉ်အလှည့်ကျ ရတနသုတ်စသော ပရိတ်တော် ဓမ္မကို သရဇ္ဈာယ်တော်မူခြင်း၊ ပါဠိဘာသာ ဂါထာစီကုံး၍ ထားအပ်သော နတ်တို့၏အမျိုးအမည်နှင့်တကွ သဗ္ဗေသတ္တာဟူ သမျှတို့အား မေတ္တာဖြပ္ပဝိဟာရ ပွားများခြင်း၊ မဟာသမယသုတ်, ဓမ္မစကြာ, အနတ္တလက္ခဏာသုတ်, မဟာသတိပဋ္ဌာနသုတ်, အာဋာ နာတိယသုတ်တို့နှင့်တကွ ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတို့ကို မပြတ် သရဇ္ဈာယ်တော်မူပြီးမှ ကျိန်းစက်သည့်တိုက်ခန်းသို့ ကြွလှမ်းဝင် တော်မူခြင်း ဝီရိယ၊ နေရာပြောင်းရွှေ့၍ ကြွလှမ်းတိုင်းတို့၌လည်း

သော အဟံ ဝိစရိဿာမိ၊ ဂါမာဂါမံ ပုရာပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။

ဟူသောသာတဂိရိ,ဟေမဝတ,အာဠဝကနတ်စစ်သူကြီးတို့၏ ဗုဒ္ဓသရဏဂုဏ်ဂါထာကိုရင်း။ ရင်းဂါထာနှင့်အတူ ကိုယ်တော်တိုင် စီကုံး၍ထားအပ်သော---ဓမ္မသံဃာသရဏဂုဏ်ဂါထာကိုရင်း။

ဣမေဟိ အင်္ဂေဟိ သမန္နာဂတာ ပုဂ္ဂလုံ၊ ဒေဝါတိဒေဝံ နရဒမ္မသာရထိံ။
သမန္တစက္ခုံ သုတပုညလက္ခဏံ၊ ပါဒေဟိ ဗုဒ္ဓံ သရဏံ ဂတောသ္မိ။

ဟူသော ဓမ္မပဒအဋ္ဌကထာလာ အင်္ဂုတ္တရနိကာယ အဋ္ဌကထာလာ သူရုဇ္ဇီ ပတ္တသရဏ ဂါထာကိုရင်း၊ ရွတ်ဖတ်သရဇ္ဈာယ်၍ သွားလာ ဖွေ့ပြောင်းတိုင်း ဘုရားကိုပူဇော်ခြင်းဝိရိယ၊ ဤသို့စသော ဝိရိယမျိုးကို ငါတို့နှင့် တကွ ကြားသိတွေ့မြင်သူ တပည့်တပန်း ရဟန်းရှင်လူတို့ အတုယူ၍မှု မဖြစ်နိုင်အောင် ကြိုးဆောင်လုံ့လပန်းတော်မူခြင်း ဝိရိယဗြဟ္မ ဘုရားလောင်းတို့၏ တန်ခွန်ကြီးလည်း ထင်ရှားတော်မူလှ၏။ သတိအရာ ဆိုဘွယ်ရာလည်း မမော၍ ကမ္မဇရုပ် သိမ်းချုပ်ခါနီး တိုင်အောင်ပင် လွတ်ကင်းတော်မမူဘဲ ရင်တော်စယ် လက်တင်ဘိ၍ သိသမျှတရားကို ဟောကြားတော်မူခြင်းစသော သတိဗြဟ္မ ဘုရားလောင်းတန်ခွန်၊ သမာဓိအရာဆိုလျှင်လည်း အာရုံမများ တရားတခုစာချမှုနှင့် ကြည့်ရှုရေးသားခြင်းတို့၌ စိတ္တေကဂ္ဂတာဖြစ်စေခြင်း၊ လေးပါးသောပရိသတ်တို့၏အလယ်တွင် ကေသရာဇာခြင်္သေ့မင်း ကဲ့သို့ တည်တန့်စွာ ရဲရင့်သဖြင့် ပွဲလယ်တင့်အောင် နေနိုင်ခြင်း၊ မင်းစိုးရာဇာ တကာတကာမတို့ ပူဇော်ကြသမျှအမျိုးမျိုးတို့ကြောင့်လည်း ကသောင်း ကနင်း စိတ်ရင်း တိုရှည် အတည်မရ မလှမျက်နှာ ဘဝင်္ဂါစလန ဖေါက်ပြန်သဖြင့် မိန့်ဟ ပြောပျက် လှုပ်လှက်မရှိ ပကတိစိတ်ထားဖြင့်သာ တင့်တယ်စွာနေနိုင်တော်မူခြင်း၊ စသော သမာဓိဗြဟ္မယဟုဆိုအပ်သော ဘုရားလောင်းတို့၏ အောင်တန်ခွန်၊ ဤသမာဓိဗြေ့သည် ပညာဗြေ့ ကဲ့သို့ အဝေးမြို့များ၌ ရှေးရှေးက မထင်ရှားသော်လည်း အောက်ရာမည သို့ ကြွသွားတော်မူရာမှ စဉ်စားသော ရဟန်းရှင်လူတို့ များစွာပင် ထင်ရှားကြ၏။ ထင်ရှားတိုင်း ပြောဆိုအံ့သြကြသည်ကိုလည်း ငါတို့ကြားသိခဲ့ရ၏၊ ပညာဗြေ့ဟုဆိုအပ်သော ဗုဒ္ဓကိုရ ဘုရားလောင်း တန်ခွန်မှာ တိုင်းသိပြည်ကျော်ဖြစ်၍ ရေးဖေါ်ပြောဆိုခြင်းငှါ မလိုချေ။

ထိုမှတပါး အခွင့်အားလျော်စွာ အကြောင်းကိစ္စ ပေါ်လာလျှင် မြန်လျှင်သောဉာဏ်ဖြင့် ယထာဘူတ ကျနဟုတ်မှန်စွာ ကြံနိုင်ခြင်း စိန္တာမယဉာဏ်, တန်ဖျာပ္ပတ္တိဉာဏ်ဟု ဆိုအပ်သော ကောသလ္လ အောင်လံတန်ခွန်ကြီးနှင့် ပြည့်စုံတော်မူ၏။ ထိုတန်ဖျာပ္ပတ္တိ,စိန္တာမယ ကောသလ္လ အောင်လံတန်ခွန်ကြီးနှင့် ပြည့်စုံခြင်းကို ပုစ္ဆာ ဝိသဇ္ဇနာကျမ်း နောက်ဆက်တွင် ပါသော နွားနို့ကို မေးသော ပဟေဠိပုစ္ဆာ၊ အံ လက်ပြင်ပဆစ်အိမ် ကြွေတို့ကို မေးသော ပဟေဠိပုစ္ဆာ၊ အဘိဓမ္မာသဘာဝကဲ့သို့ ပြုလုပ်၍ ဆန်ဖွပ်မောင်းကို မေးသောပဟေဠိပုစ္ဆာစသည်တို့ကို မကြာခဏ အဟုတ်အမှန်ကျ အောင် ဖြေဆိုရေးသားတော်မူသော ဝိသဇ္ဇနာ စသည်တို့ဖြင့်ပင် သိသာထင်ရှားလှပေ၏။

ဘယ်မှုလောက်ပင် အကြီး အကျယ် လှူဒါန်းဘွယ် တို့ဖြင့် ရတနာသုံးပါးတို့အား လှူဒါန်းရငြားသော်လည်း အားမရ တင်းမတိမ်နိုင်ခြင်း၊ အလှူခံပုဂ္ဂိုလ်တို့ အလိုရှိသော ဝတ္ထုများကို ကြားသိတွေ့မြင်လျှင်လည်း ခဏမကြာ ရအောင်ရှာစေ၍ လှူခြင်း၊ မိမိသုံးဆောင်ရန် လျော်ကန်သော ဝတ္ထုဟူ၍လည်း ကြည့်ရှုတိုင်းထွာ၍ ဘယ်အခါမှထားခြင်းမရှိကြောင်းကို ၃-နှစ်ကျော် ၄-နှစ်ခန့် ခြေတော်ရင်း၌ပင် မှီခိုနည်းခံ၍ ငါတို့နေခဲ့ဘူးသဖြင့် ကိုယ်တိုင်ပင် သိခဲ့ရကား အဇ္ဈာသယဟုဆိုအပ်သော ဇဋ္ဌကိုရ ဘုရားလောင်းတို့၏ အောင်လံတန်ခွန်ကြီးလည်းထင်ရှား၏။

ဤသို့ပဋိပတ္တိ,ဇာန္ဒြိယ, ကောသလ္လ, အဇ္ဈာသယဟု ဆိုအပ်သော ၄ ပါးသော ဘုရားအလောင်းတော်တို့၏ အောင်လံတန်ခွန်ကြီးတို့ ဖြင့်၎င်း၊ အလောဘ အဇ္ဈာသယဓာတ်, အဒေါသ အဇ္ဈာသယ ဓာတ်, အမောဟ အဇ္ဈာသယဓာတ်, နေက္ခမ အဇ္ဈာသယဓာတ်, ပဝိဝေက အဇ္ဈာသယဓာတ်,နိဿရဏ အဇ္ဈာသယဓာတ် ဟု ဆိုအပ်သော ခြောက်ပါးသော အဇ္ဈာသယ ဓာတ်တို့ဖြင့်၎င်း၊ သူတပါး တို့ထက် လွန်ကဲသော ဝိရိယဟုဆိုအပ်သော ဥဿာဟ၊ သူတပါး

တို့နှင့်မတူသောညာဏ်ပညာဟုဆိုအပ်သောဥမ္မင်္ဂ၊ သူတပါးတို့တုန်လှုပ်ချောက်ချားစေခြင်းငှါ မစွမ်းနိုင်သော သမာဓိဟု ဆိုအပ်သော အဝင္ဇာန၊ မိမိ၏ အကျိုးစီးပွားထက် သူတပါးတို့၏ အကျိုးစီးပွားကို လိုလားတော်တော် မူခြင်းဟု ဆိုအပ်သော ဟိတစရိယ ဤလေးဝသော ဗုဒ္ဓဘူမိတို့ဖြင့်ရင်း၊ ပြည့်စုံသောသူတို့မှသာလျှင် ပန်ဆင်သော သဗ္ဗညုတ ညာဏ်ကို ရနိုင်ရန် အကြောင်းရှိသော ကြောင့် ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဆုတောင်း ပါရမီ ဝသီးတော်အလေ့ကို စေ့စေ့စဉ်းစားလျှင် ပွင့်လုနီးနီး ဘုရားအလောင်းတော်ကြီး ပါပေတကားဟု ရေးသားပြောဆိုလျှင် သမ္ဗဇ္ဈ အဆင်ခြင်ရှိကြသော ပညာရှင်ကြီးတို့သည် ပယ်လှန်ငြင်းဆန်ကြမည်မဟုတ်ချေ။

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။
အဋ္ဌဓမ္မသမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတိ။

ဟူ၍ မိန့်ဆိုတော်မူအပ်သော ဗုဒ္ဓဝင်ပါဠိအဋ္ဌကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာတို့ စကားရပ်၌ ဘုရားဆုကို စ၍တောင်းခြင်း ဗုဒ္ဓအဘိနီဟာရ အင်္ဂါရှစ်ပါးတွင်……တောင်းကာမတ္တ တောင်းကုန်ကြသော လူသာမန်တို့ရခဲသော အဓိကာရ ဆန္ဒအင်္ဂါတို့နှင့်လည်း ပြဆိုခဲ့ပြီးသော စကားရပ်တို့ကိုထောက်သဖြင့် မချွတ်ဧကန် အမှန်ပင် ပြည့်စုံတော်မူပေသတည်းဟု ပညာရှိကြီးတို့ သိနိုင်လောက်ပေ၏။

ဤသို့ ဗုဒ္ဓက်ုရဘုရားလောင်းအင်္ဂါပြည့်စုံစွာသော မဟာဗောဓိသတ် တို့ဘုန်းမြတ်သည် လောကဓာတ်လူ့ရွာ လူ့ဌာနာမှ ခန္ဓာကမ္ဗဇရုပ် သိမ်းချုပ်ပြန်လွန်တော်မူမည့် တော်သလင်းဆန်း(၁၂) ရက်နေ့တိုင်အောင်ပင် ပြဆိုခဲ့ပြီးသမျှ ဒေသနာတော် မြွှတို့ဖြင့် နေ့ညကိုကုန်စေလျက် မရဏသူ့လက်တွင်းသို့ သက်ဆင်းမည်

ရှိလတ်သော် မိုးပေါ်အာကာ အဇ္ဈောမှ တိမ်လွှာတိမ်ထပ်တို့သည် အထပ်ထပ်ရစ်ပတ်လျက် တခဲနက်သော မိုးကြိုးသံတို့ဖြင့် ဆူညံ ထစ်ကြိုးလျက် အမျိုးမျိုးမည်ဟိန်း၍ ကတော့ခြင်း၊ ၎င်း (၁၂) ရက်နေ့ (၃)နာရီကျော် အချိန်တွင် လေတိမ်လေနတ်တို့သည် အရှေ့မြောက်လောကဓာတ်မှ အကာလအခါမဲ့ မိုးဥတုအစ ကဆုန် နှင့် နယုန်လတို့ကဲ့သို့ ပြင်းပြစွာတိုက်လွှင့်၍ အခွင့်ရှိသမျှ ကံတော့ ခြင်း၊ ၎င်းနေ့ည(၁၂)နာရီ သာသာစိတွင် ဘခုဏ်,ကြတ္တိကာ အစဖြာသော တာရာနက္ခတ်တို့သည် လှည့်ပတ်သွားလာကြ၍ ပတ္တမြား ပန်းပေါက်ပေါက်ဘိုကဲ့ကြဲမြောက်ပြီးပူဇော်ကြသကဲ့သို့အကြောင်း မဲ့ကြွေကျခြင်း၊ ဤကဲ့သို့ဖြစ်ခြင်းတို့ဖြင့် လွန်မင်းစွာသော အံ့ဘွယ် သရဲ မဖြစ်ဘူးမြဲသော ပုဗ္ဗနိမိတ်တို့ကို မြင်ကြလျှင် တို့အရှင်မြတ် ဘုရားသည် မနေရသည့် သခ်ါရတရားရို့ တုသိတာ နတ်ရပ်သို့ ကြွသွားတော့မည်ဧကန်ဟု စိုးရိမ်ရန်ရှိကြ၍ သိသမျှတပည့်သားတို့ သည် ပိုင်းအုံကာခစား၍ အနီးအပါးတွင်ရှိကြလေသတည်း။

ဤသို့အနီးအပါးတွင် တပည့်သံဃာတို့ ခစား၍နေကြစဉ် ၎င်း နေ့ည နာရီပြန်တချက်နှင့် မိနစ် ၃၀-အချိန်ဝယ် သိဟ်ရာသီတွင် ကြာသပတေးနှင့် စနေ၊ တနင်္ဂနွေဗုဒ္ဓဟူးတို့ကားကံ၊ တူတွင်ကား ရာဟုနှင့်သောကြာ၊ ပြိဿာမှာအင်္ဂါ၊ တနင်းလာမကာရ၊ လဂ္ဂဏာ မေခုန်၊ ဓာတာပုံအကျ သမယ၌......။

နသဏ္ဍိပုတ္တာ တာဏာယ၊ နပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ညာတိသု တာနတာ။

ဟူသောဒေသနာအရ မိဘဆရာ ဉာတကာနှင့် ပြဟ္မာနတ်လူ သုံးဘုံသူတို့ ကယ်ယူမရ စောင့်ရှောက်ခြင်းငှာမတတ်နိုင်ကြသဖြင့် ဗုဒ္ဓမြတ်စွာပစ္စေကာနှင့်ရဟန္တာဟူသမျှ ဒေဝပြဟ္မာတန်ခိုးရှင်တို့ပင် မနေသာသော ပြေမရဏာစုတိသဘောဖြင့် လျှောင်းစက်ရင်းပင် ရွှေ့လျောပြန်လွန်၍ ထက်နတ်ခွင်တုသိနန်းသို့ ကြွမြန်းတော်မူရ လေသတည်း၊

ဤသို့မရဏာလက်တွင်းသို့ သက်ဆင်းကြွမြန်းတော်မူလေသည်
နှင့်တပြိုင်နက် တချက်တည်း၊ တောင်လျှောင်တုန်ဟီး၍ မြေကြီးက
အပူဇော်တွင် တပည့်သား အရှင်တို့နှင့် အပေါ်တွင်ရှိကြသော
ဒိဝကြိတ်ဆရာဝန်ကြီးတို့ပါ ဒါယကာ ဒါယိကာမဘူသမျှတို့ သိရှိ
ကြရ၍ သောကပူဆွေး အရေးဟကြီး သင်ကြွေးရှုက်ငင် မဆင်ခြင်
နိုင်လောက်အောင်ပင် ပူပင်သောက နှမြောကြလှသဖြင့် မငိုကြွေး
ဘဲ မနေနိုင်ကြ၍ ငိုပွဲကြီးပြုကြရသကဲ့သို့ပင် ဖြစ်လေသတည်း။

ဤသို့ပြန်လွန်တော်မူပြီးနောက်အမျိုးမျိုးသောပန်းပေါက်ပေါက်
တူရိယာတို့ဖြင့် များစွာပင်ပူဇော်ကြ၍ အလောင်းတော်ကို ကျောင်း
ပရာပွဲကြီးသည် အဝေးအနီး မြို့ရွာတို့မှ လာလာသမျှ ပရိသတ်
တို့ဖြင့် အသပ်ထပ်ပြည့်နှက်လျက် အရှင်သာရိပုတ္တရာ၏ ပရိနိဗ္ဗာန်
ပြုချက်နှင့် မခြားသကဲ့သို့ များစွာပင် စည်ကားလေသတည်း။ ၎င်း
နောက်(၁၄)ရက်နေ့ ညနေ(၄)နာရီအချိန်တွင် စင်ကြယ်သော
အဝတ်အထည်တို့ဖြင့် အလောင်းတော်ကို ထုပ်ချည်ရစ်ပတ်၍
စကြာဝွှာတ်မင်းတို့၏အလား ဒါယကာဒါယိကာမများတို့အသပြာ
ငါးရာတန် ပူဇော်၍ထားသော ကြေးနီအတိပြီးသော ခေါင်း တလား
တွင်းသို့ သွင်းတော်မူသည်အချက်တွင် ဝသုန္ဒြေမြေမဟီသည် မအိမ်သော
ပူဆာလိုက်လဲ၍ ပြိုကွဲလုမတတ် မရပ်မတည် သွက်သွက်လည်မျှ
တုန်ဟီးလှုပ်ရှားပြန်သဖြင့် တကာ တကာမအများတို့မှာ ငိုအားကြီး
ဖိစီး၍ အပြီးမသတ်နိုင်အောင် ဖြစ်ကြရသတည်း။

ဤသို့ငါတို့၏ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကို အစ္ဆရိယ အဗ္ဘု
တဓမ္မဖြစ်သော မဖြစ်စဘူးသော နိမိတ်ကြီးတို့ဖြင့် အံ့ဩပြောပ
လောက်အောင် ထုသိတာနတ်တို့ပင့်ဆောင်၍ နတ်ပြည်ဘောင်သို့
ရောက်သော်လည်း နတ်သိုးနတ်နန်း နတ်ပန်းနတ်ရုံ နတ်တို့ဘုံဝယ်
နတ်ကာမဂုဏ် နတ်သမီးတို့နှင့် ထိနှံညီးအောင် စံတော်မူဘဲ ဆုပန်
ဝင်းပဋ္ဌာန်းကြောင့် သာသနာမကွယ်မီအတွင်၊ လူ့ပြည်သို့ သက်
ဆင်း၍ ရှင်ရင်း၏သာသနာကို လျှင်မကြာပြုလာသိမ့်မည်ဟု အထူး

ပင်တောင်းတ၍ မြွက်ကြရန် အချက်ကြီးရှိသေးသည်၊ အဘယ် ကြောင့်နည်းဆိုသော် ငါတို့မြန်မာနိုင်ငံ ပုဂံပြည်မဝယ် လက်ယွန်း မသွမင်းဖြစ်သော သရေဒ္ဒရာဇာမင်းတယောက်တည်းပင် နော်ရထာ မင်းတဖြစ်, ကျစ္စာမင်းတဖြစ်, ဖြစ်သကဲ့သို့ရင်း၊ ပြူစောဒီးမင်း တယောက်ထည်းပင် သေည်လည်ကြောင်မင်းတဖြစ်,ကျန်စစ်သား မင်းဘဖြစ်, သုံးကြိမ်တိုင်ဖြစ်သကဲ့သို့ရင်း၊ စလေမင်းတယောက် တည်းပင် ကုလားကျမင်းတဖြစ်,သီဟပတေ့မင်းတဖြစ်ဖြင့် ၃ကြိမ် စေ့အောင် ဖြစ်သကဲ့သို့ရင်း၊ ထို့အတူ ငါလည်း သာသနာတော် မကွယ်သမျှ လူ့ဘဝနှင့်ပင် ဗုဒ္ဓစာရီ ပါရမီကိုဆင်မြန်းနိုင်သော ရဟန်းချည်းဖြစ်ရပါလို၏ဟု ပြုရရေးသားတော်မူခဲ့သော မဟာ သုတကာရီမဃဒေဝလင်္ကာသစ်၌-----

သစ္စာဉာဏ်ပင် မပွင့်ခင်လည်း ရာဂင်စည်ကား ငါးကျိပ် ငါးတွင် ရေးဖျားမည်ထုတ် ရန်မြစ်ခုတ်သည့် သရေဒ္ဒရာဇာ စောစစ်မဟာ နော်ရထာနှင့် ကျစ္စာမင်းကြီး ပြူစောဒီးက နန်းထီးတည်ထောင် သေည်လည်ကြောင် ကျန်စစ်သား မိုင်း ခြားတထွေ စလေကုလားကျ သီဟပတေ့ ဘုန်းဟော့ရန်ငွေး မင်းသုံးဦးစီ ထူး၍မင်းချည်း တယောက်တည်းလျက် ကျော် သဉ်းနာမံ ပြည်ပုဂံဝယ် နန်းစံမင်းစစ် ပြန်ကာဖြစ်သို့ မြတ်ခေတ် ငါးထောင် သာသနာရောင်လျှင် ထွန်းပြောင်သမျှ လူ့ဘဝနှင့် သမဏချည်း သူတော်နည်းကို ငါလည်းဖြည့်လို ဖန်ဘဲတည်း။

ဟူ၍ ဆုတောင်းပတ္ထနာ ပြုတော်မူခဲ့ခြင်းကြောင့်တည်း၊ ထို့ ကြောင့် လူ့ပြည်သို့ ဂုဏ်ရောင်တွေလင်းပ၍။ ။ပိဋကာခရဂ္ဂဏ္ဍဿရ ပါရဂူ သဒ္ဒည္ဍူ ဝိနယည္ဍူ စင်ဖြူသောနှလုံးဖြင့် မြန်မာပြည်အလုံးကို၊ လွှမ်းဖုံးကျော်ကြားလျက် ပိဋကတ် ရွှေတောင်ကြီးမားမား ထင် ရှားစွာထွက်ကြွ၍ ဧကန္တပေါ် လာလိမ့်ဦးမည်ဟု မြွက်လင့်စောင့် စား၍ လွှမ်းအားကို ယုတ်သိမ်းကြပြီးမှ ဗျာပနကိစ္စ အရေးကြီး

ကိုသာ ပြီးစီးဆုံးခမ်းအောင် ကြံဆောင် အားထုတ်ကြပြီးလျှင် အောက်၌ပြလတ္တံ့သော မရဏာနုဿတိဂါထာများကို ပွားများ၍ တရားကို နှလုံးသွင်းကြစေကုန်သတည်း။

(၁) မဟာတေဇော မဟာပညော၊ ပုညဝန္တော သုပါကဋော။
မရဏဿ ဝသံဝတ္တော၊ မာဒိသေသု ကထာဝကာ။

(၂) ယထာပိ သူရိယာ လောကော၊
ပညာ တေဇေန ပါကဋော။
မန်လည်ထေရောပိ တာဒိသော၊
မာဒိသေသု ကထာဝကာ။

မဟာတေဇော၊ ကြီးကျယ် မြင့်မြတ်သော တန်ခိုး ဇုန္ဒပါဒ် နှင့် လည်း ပြည့်စုံတော် မူထသော။ မဟာပညော၊ လောကီ လော ကုတ္တရာအဖြာဖြာသော ပညာတို့နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ကြီး မြတ်သော ပညာလည်းရှိတော်မူထသော။ ပုညဝန္တော၊ ကုသိုလ် ပုည ဘုန်းကံရှိကြသော သူတို့တွင် သူတို့၌။ ပါကဋော၊ နေတဆူ လအလား ထင်ရှားကျော်စောတော်မူသော မန်လည်ဆရာတော် ဘုရားကြီးသည်။ မရဏဿ၊ မင်္ဂမည္ဘာ လွန်ယုတ်မာသော စုတိ ခြင်း သဘောဟု ဆိုအပ်သော သေမင်း၏။ ဝသံဝတ္တော၊ အလို တစိုက် လိုက်ပါတော် မူရချေသေး၏။ မာဒိသေသု၊ ငါတို့ သူငါ သတ္တဝါအနန္တ သာမညတို့၌ကား။ ကာကထာဝ၊ အဘယ်မှာ လျှင် ဆိုဘွယ်ရာရှိချေအံ့နည်း။

လောကော၊ လောကာ၌။ သူရိယာယထာ၊ ယုဇနာ ငါးဆယ် အချင်းရှိသော နေမင်းကဲ့သို့။ ပညာတေဇေန၊ ပညာ တန်ဆောင် တန်ခိုးရောင်ဖြင့်။ ပါကဋော၊ ဇမ္ဗူဒိပ်တလွှား၌ ထင်ရှားတော်မူ သော။ မန်လည်ထေရောပိ၊ မန်လည်သခင် တို့ချစ်ရှင်သော်လည်း။ တာဒိသော၊ ထိုသို့ဇုတိပြတ်ကြွေ မနေသာရ မရဏာလက်တွင်းသို့ သက်ဆင်း လိုက်ပါရခြင်း သဘော ရှိချေသေး၏။ မာဒိသေသု၊

တန်ခိုးပညာ ကင်းကွာ ကျန်ကြ အနန္တသူငါ သတ္တဝါတို့ပေါကား။ ကာကဿာဝ၊ အဘယ်မှာလျှင် ဆိုဘွယ်ရာ ရှိချေတော့အံ့နည်း။

ဤကား ပညာတန်ခိုး အမျိုးမျိုး တို့ဖြင့် ထင်ရှား ကျော်စော တော်မူသော ကျေးဇူးရှင် ဆရာတော် ဘုရားကြီးတို့ စည်းလျက် မရဏ လက်တွင်းသို့ သက်ဆင်း ကွယ်မြန်း ကြရ သေးသည်ကို ထောက်ထား၍ မရဏာနုဿတိ တရားကို ပွားများကြရန်တည်း။

ဏမိနာ ပညာကမ္မေန၊ အာနန္ဒောဝိယ နာဂတေ။
သမ္ဗုဒ္ဓပုပ္ဖကော ဟောယျံ၊ ဗုဒ္ဓသေဋ္ဌာနံ သန္တိကေ။

ဏမိနာပညာကမ္မေန၊ ဤသို့ ရတနတ္တယ ပဏာမ အာစရိယ ပဏာမနှင့်တကွ မန်လည်ထေရုပ္ပတ္တိရှိသမျှကို အများတို့သိရအောင် ထုတ်ဆောင် ရေးသားရသော ဉာဏ်ဝိရိယ ဖြတ်ကမ္မကြောင့်။ အနာဂတေ၊ ငါတို့ဆရာ ထေရ်မဟာသည် လေးဖြာသစ္စာကို သိရာဖြစ်သော ကပ်ကမ္ဘာနောင်အခါ၌။ဝါ။ရင့်မာကျိပ်ဝင် ဘုရားရှင်တို့၏ ပွင့်ရာကမ္ဘာ နောင်အခါ၌။ ဗုဒ္ဓသေဋ္ဌာနံ၊ စတုသစ္စ ဖြတ်မှုကို သိတော်မူကြကုန်သည်ဖြစ်၍ မြတ်တော်မူကုန်သော ဘုရားရှင်တို့၏။ သန္တိကေ၊ အနီးအပါး ခြေရင်းနား၌။ အာနန္ဒောဝိယ၊ ငါးခါတေဒဂ် မိန့်မြွက်သံတော် ကောင်းချီးခေါ်ရသော ညီတော် အာနန္ဒာ ထေရ်မဟာကဲ့သို့၊ သမ္ဗုဒ္ဓပုပ္ဖကော၊ မြတ်စွာဗုဒ္ဓ သုံးလူ့ဘ၏။ ဥပဋ္ဌာကအလုပ်အကျွေးသည်။ ဟောယျံ၊ ဖြစ်ရပါလို၏။ ဤကား ထေရုပ္ပတ္တိကထာကာရဖြစ်သော ငါတို့၏ ပတ္ထနာ အာသိသတည်း။

၁၂၈၂-ခု၊ တော်သလင်းလဆုတ်(၁၂)ရက် စနေနေ့တွင်
ပြီးစီးအောင်မြင်သတည်း။

မည်လည်ဆရာတော် ဘုရားကြီး၏ ဇင်း ထေရုပ္ပတ္တိကထာကို လိုလားတောင်းတ၍ ကြည့်ရှုရန် မြော်လင့်ကြသော ရဟန်း ရှင် လူတို့သိရှိရန် .....

ပရိယတ္တိဝိသာရဒ, ပဋိပတ္တိမာမက အာစာရဂုဏ် အလုံးစုံတို့နှင့်ပြည့်စုံတော်မူသော သံဃနာယက ပါကဋအကျော် မန်လည်ဆရာတော် ဘုရားကြီးသည် အများသတ္တဝါ ဝေနေယျာ တို့၏မဂ္ဂတာအရင်း မရှောင်ကွင်းနိုင်သော မရဏမင်းနိုင်ငံသို့ အလျှံရောင်ဝါ သူရိယာသည် ပစ္ဆာရပ်ခွင် ဂေါယာသို့ ဝင်သည့်နှယ် အစဉ်ဆက်စပ် ကမ္ဘာဇရပ်ကလာပ်တို့သည် ချုပ်ပြတ်ပြေငြိမ်း တဘဝသိမ်းတော်မူရာ သိဿာနှသိဿ၊ များလှ သောင်းသောင်းတသည့်ပေါင်းတို့သည် နောက်နှောင်းအခါ ထေရ်မဟာ၏ ခြင်းရာအရပ်ရပ် အတ္တုပ္ပတ်ကို မပြတ်ကြည်ညိုရန် ရည်သန် စိတ်ထားဖြင့် ဆရာတော်ဘုရားကြီး၏ ဖွားတော်မူသည်မှစ၍ ပြန်လွန်တော်မူသည်တိုင်အောင် ဖြစ်ဖြစ်သမျှ အကြောင်းအရာနှင့်တကွ ဆရာတော်ဘုရားကြီး၏ ကြီးမားထက်မျက်သော ပညာတော်ကိုဖေါ်ထုတ်၍ ထေရုပ္ပတ္တိအကျယ်ကို ရေးသားရမည်ဟု ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက တပည့် ဂိုဏ်းအုပ် ဆရာတော် နှင့် ဂိုဏ်းထောက်ဆရာတော်တို့ နှိုးဆော်တိုက်တွန်းချက်အရ ဆရာတော်ဘုရားကြီး၏ အန္တေဝါသိကတပည့် ရေဦးမြို့ ချမ်းသာကြီးတိုက်နေ သျှင်တေဇဝန္တဟုဆိုအပ်သော၊ငါတို့သည် အကျယ်တဝင့်ဖွင့်၍ ထေရုပ္ပတ္တိကို ရေးသားပြီးလျှင် တန်ဆောင်မုန်း လပြည့် နိဗ္ဗာန်ကျောင်း အလောင်းတော် ပင့်သောပွဲတွင် ပေးလှူဒါန်းရန် ကြံစည်အားထုတ်ပြီးရေးသားရာ တော်သလင်းလဆုတ်(၁၂)ရက် စနေနေ့တွင်ပြီးစီး၍ ပညာအလင်း သတင်းစာတိုက်သို့ ပုံနှိပ်ရန် ပေးအပ်လိုက်ပါသည်ကို ၎င်းတိုက်သား၊တို့သည် မည်ကဲ့သို့ စိတ်ထားဖြင့် ပုံမနှိပ်ဘဲ သိုဝှက် ဖျောက်ဖျက်ထားလေသည်ဟု မသိ၍ မေးမြန်းသော်လည်း အကြောင်းမပြန်၊ မူရရန်တောင်းသော်လည်း မပေးဘဲနေသောကြောင့် နိဗ္ဗာန်စံကျောင်းချပွဲတွင် မလှူဒါန်းမဝေငှ ရဘဲရှိကြောင်း၊ ၎င်းနောက်မှ လက်ခံရှိသောမူကို ထင်မံပြင်ဆင်၍ ပုံနှိပ်ပြီးလျှင် ယခုမှတဖန် ဝေငှလှူဒါန်းရကြောင်း။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ထူးတံဆိပ် အသူတော်ခံရသော

# ကျေးဇူးရှင်

# မန်လည်ဆရာတော်ဘုရားကြီးသည်

ဥပါသက ဥပါသိကာ အပေါင်းတို့အား

ဟောကြားဆုံးမတော် မူသည့်အတိုင်း

**ပဉ္စသီလ ခံယူဆောက်တည်နည်း၊**

ငါးပြင်းသီလရှင် မယ်သံချိတ်သို့ သင်ပေးသော

**ဗောဓိပင် ဘုရားရှိခိုးနှင့်**

ခုနစ်နှစ်အရွယ် သီလရှင် မယ်ပဒုံသို့

**တနေ့ ၂-ပိုဒ်၊ ၃-ပိုဒ် သင်ပေးသော**

# ကမ္မဋ္ဌာန်းသစ်။

၁၂၈၂-ခု၊ တန်ဆောင်မုန်းလအတွင်း ပုံနှိပ်၍ပြီးသည်။

၁၃၃၁-ခုနှစ်၊မန္တလေးမြို့ သုခဝတီစာပုံနှိပ်တိုက်တွင်
ထပ်မံရိုက်နှိပ်သည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

# ဗြဟ္မစရိယပဉ္စမ သီလ၊

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ထူး တံဆိပ် ခတ်နှိပ်အလှူခံတော်မူရသော ကျေးဇူးတော်ရှင် မန်လည်ဆရာတော် ဘုရားကြီးသည် ဥပါသကာ-ဥပါသိကာအပေါင်းတို့အား ဟောကြား ဆုံးမတော်မူသည့်အတိုင်း ဗြဟ္မစရိယပဉ္စမ သီလ ခံယူဆောက်တည်နည်းကို ထည့်သွင်းရေးသားလိုက်သည်။

---

## သီလတောင်း။

အဟံ ဘန္တေ တိသရဏေန သဟ ဗြဟ္မစရိယပဉ္စမသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ၊ (ဒုတိယမ္ပိ တတိယမ္ပိ ၃-ကြိမ်တောင်း)

အာမဘန္တေ။

---

## ဘုရားရှိခိုး။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟံ တော၊ သံသရာစက်၏ အကန့် ဖြစ်သော အကျသိုလ် ကိလေသာရန်သူတို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ပယ်ဖျက်ချတ်တွင် သုတ်သင် သန့်ရှင်းတော် မူပြီးသည်ဖြစ်၍ လူ နတ်

ဖြဟ္မာ သတ္တဝါတို့၏ အကျိုးကြီးစိမ့်သောငှါ။ ပစ္စည်း၊ လေးဖြာ ပူဇာသက္ကာရ ဝိသေသဝတ္ထုတို့ကို အလှူခံယူတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓသာ၊ မဖေါက်မပြန် သယမ္ဘုဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာ ဆရာမရှိ ပွင့်သိတော်မူတတ်သော။ တသာ ဘဂဝတော၊ ထိုမြတ်စွာဘုရားရှင်အား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးဦးညွတ်ခြင်းသည်။ အထွတ် ဖြစ်ပါစေသတည်း အရှင်ဘုရား။

---

## သ ရ ဏ ဂုံ ။

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဗုဒ္ဓံ၊ လောက သုံးပါး၌ အတုမရှိမြတ်တော်မူသည်ဖြစ်၍ ဖြဟ္မာ နတ် လူ သုံးဘုံ သူတို့၏ တည်ရာတည်းသော ကိုးကွယ်ရာအစစ် ဖြစ်တော်မူပေသော မြတ်စွာဘုရားရှင်ကို။ သရဏံ၊ ငရဲဘေး, တိရစ္ဆာန်ဘေး, ပြိတ္တာ ဘေး, အသုရကာယ်ဘေး, အစ ရှိကုန်သော အပါယ် လေးဖြာ သံသရာဝဋ်ဆင်းရဲ ဘေးကြီးတို့ကို ပယ်တတ် ဖျောက်တတ် မြတ် သော ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ အမြဲမပြတ် မြတ်မြတ်နိုးနိုး ကိုးကားယုံကြည် ဆည်းကပ်မှီဝဲခြင်းသို့ ရောက်ပါ၏၊ သိပါ၏၊ မှတ်ပါ၏၊ စွဲပါ၏အရှင်ဘုရား။

ဓမ္မံ၊မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်ပရိယတ်ဆယ်ပါးသော တရားတော်မြတ်ကို။သရဏံ၊ ငရဲဘေး,တိရစ္ဆာန်ဘေး,ပြိတ္တာဘေး အသုရကာယ်ဘေး အစရှိသော အပါယ် လေးဖြာသံသရာ ဝဋ် ဆင်းရဲဘေးကြီးတို့ကို ပယ်တတ်ဖျောက်တတ် မြတ်သော ကိုး ကွယ်ရာဟူ၍။ ဂစ္ဆာမိ၊မြတ်မြတ်နိုးနိုး ကိုးကားယုံကြည်ဆည်းကပ် မှီဝဲခြင်းသို့ ရောက်ပါ၏၊ သိပါ၏၊ မှတ်ပါ၏၊ စွဲပါ၏ အရှင်ဘုရား။

သံဃာ၊ ဘုရားသခင်ဆုံးမတော်မူသည့်အတိုင်း သီလ,သမာဓိ, ပညာ, သိက္ခာသုံးပါး အကျင့်မြတ် တရားတို့ကို ကျင့်တော် မူဆဲ ကျင့်တော်မူပြီးဖြစ်သော မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန် လေး ယောက် ရှစ်ယောက်သောပရမတ္ထအရိယာသံဃာတော်အရှင်မြတ် ကို။ သရဏံ၊ ငရဲဘေး,တိရစ္ဆာန်ဘေး,ပြိတ္တာဘေး, အသုရကာယ် ဘေး အစရှိကုန်သော အပါယ်လေးဖြာ သံသရာဝဋ်ဆင်းရဲဘေး ကြီးတို့ကို ပယ်ဘတ်, ဖျောက်တတ်,မြတ်သော ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ အမြဲမပြတ် မြတ်မြတ်နိုးနိုး ကိုးကားယုံကြည် ဆည်းကပ် မှီဝဲခြင်းသို့ ရောက်ပါ၏၊ သိပါ၏၊ မှတ်ပါ၏၊ စွဲပါ၏အရှင်ဘုရား။

---

## ပြဟ္မစရိယပဉ္စမ သီလ။

(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ပါဏာတိပါတာ၊ သေစေလိုသော စိတ်ဖြင့် သူတပါးအသက်ကို သတ်ခြင်း အပါယ်လားကြောင်း မကောင်းသော ဒုဿီလျ အကု သိုလ်စေတနာမှ။ ဝေရမဏီသိက္ခာပဒံ၊ ကြဉ်ခြင်းရှောင်ခြင်းလူတို့ ကျင့်ရာ ဝါရိတ္တသိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာကြည် ဖြူ ခံယူဆောက်တည်ပါ၏ အရှင်ဘုရား။

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အဒိန္နာဒါနာ၊ အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူ လုယက် ထိန်ဝှက်ခြင်း အပါယ်လားကြောင်း မကောင်းသော ဒုဿီလျ အကုသိုလ်စေတနာမှ။ ဝေရမဏီသိက္ခာပဒံ၊ ကြဉ်ခြင်းရှောင်ခြင်း လူတို့ကျင့်ရာ ဝါရိတ္တသိက္ခာပုဒ်ကို သမာဒိယာမိ ကောင်းစွာကြည် ဖြူ ခံယူဆောက်တည်ပါ၏ အရှင်ဘုရား။

(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အဗြဟ္မစရိယာ၊ ခွေးဝက်ကြက်ငှက် ကျွဲနွားသိုးဆိတ် အဟိတ်တိရစ္ဆာန် ပုထုဇ္ဇန်ကန်း, ပုထုဇ္ဇန်မိုက်တို့၏ အလေ့အကျင့် ဖြစ်၍ ဘုရားရဟန္တာ အရိယာ အရှင်မြတ်တို့သည် အလွန်စက်ဆုပ် ရွံရှာအပ် မမြတ်သော အိမ်ယာထောင်သူ လူတို့ကျင့်ရာ စာရိတ္တ သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာကြည်ဖြူ ခံယူ ဆောက်တည်ပါ၏ အရှင်ဘုရား။

(၄) မုသာဝါဒါ၊ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ၊ မဟုတ် မမှန် သက်သေ ခံခြင်း အစ ရှိသော သူတပါးတို့၏ အကျိုး စီးပွားကို ဖျက်ဆီး တတ်သော ပေါက်ပြန်ချွတ်ယွင်းသော စကားကို ပြောဆိုခြင်း အပါယ် လားကြောင်း မကောင်းသော ဒုသီလျအကုသိုလ်စေတနာမှ ဝေရမဏီသိက္ခာပဒံ၊ ကြဉ်ခြင်း ရှောင်ခြင်း လူတို့ကျင့်ရာ စါရိတ္တသိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာကြည်ဖြူ ခံယူဆောက်တည်ပါ၏အရှင်ဘုရား။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ ကုသိုလ်တရား, သူတော်ကောင်းတရားတို့မှ မေ့လျော့ခြင်း၏အကြောင်း မကောင်းဆိုးရွားစွာသော သေရည်သေရက် ယစ်မျိုးတို့ကို သောက်ခြင်း, မျိုခြင်း, ရှူခြင်း အပါယ်သားကြောင်း မကောင်းသောဒုသီလျအကုသိုလ်စေတနာမှ။ ဝေရမဏီသိက္ခာပဒံ၊ ကြဉ်ခြင်း,ရှောင်ခြင်း လူတို့ကျင့်ရာ ဝါရိတ္တသိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာကြည်ဖြူခံယူဆောက်တည်ပါ၏အရှင်ဘုရား။

အာသဘာသနံ။

ဇယာတု။ ။သက္ကရာဇ် ၁၂၇၀-ပြည့်၊ ပြာသိုလပြည့်ကျော် ၁-ရက် နေ့ကစ၍ မန်လည်ဆရာတော်ဘုရားကြီးသည် သီလရှင် မယ်သံချိတ်ကို သင်ချပေးတော်မူသော .....

# ဗောဓိပင်ဘုရားရှိခိုး။

သဗ္ဗဓမ္မေ ဗုဇ္ဈတိ ဗေဇ္ဈာတိ ဗောဓိ။

ဗေဇ္ဈ၊ ဤမဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း၏အရင်း၌။ ဝါ၊ ညောင်တကာတို့၏ဘုရင် သစ်ပင်တကာတို့၏အထွဋ်အဖျား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ။ ဖြစ်တော်မူသော။ ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း၏အရင်း၌။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သဗ္ဗဓမ္မေ၊ အလုံးစုံသောတရားတို့ကို။ သမ္မာ၊ မဖေါက်မပြန်။ ဝါ၊ အပြားအားဖြင့်။ သာမံ၊ အလိုလိုကိုယ်တော်တိုင်သာလျှင်။ ဗုဇ္ဈတိ၊ သိတော်မူတတ်၏။ ဣတိတသ္မာ၊ ထိုသို့အလုံးစုံသော တရားတို့ကို မဖေါက်မပြန်။ ဝါ၊ အပြားအားဖြင့် အလိုလိုကိုယ်တော်တိုင်သာလျှင် သိတော်မူရာဖြစ်သော သတ္တိကြောင့်။ သော၊ ထိုမဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းသည်။ ဝါ၊ ထိုညောင်တကာတို့၏ဘုရင် သစ်ပင်တကာတို့၏အထွဋ်အဖျား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ။ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းသည်။ ဗောဓိ၊ ဗောဓိမည်၏။ ဗောဓိ၊ အလုံးစုံသောတရားတို့ကို မဖေါက်မပြန်။ ဝါ၊ အပြားအားဖြင့် အလိုလိုကိုယ်တော်တိုင်သာလျှင် သိတော်မူရာဖြစ်သော မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း။ ဝါ၊ ညောင်တကာတို့၏ဘုရင် သစ်ပင်တကာတို့၏အထွဋ်အဖျား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ။ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း။

မဟန္တော စ သော ဗောဓိစာတိ မဟာဗောဓိ။

မဟန္တော စ၊ မြတ်သည်လည်း။ ဝါ၊ ပူဇော်အပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုမြတ်သည်ကား။ ဝါ၊ ထိုပူဇော်အပ်သည်ကား။ ဗောဓိစ၊ အလုံးစုံသောတရားတို့ကို မဖေါက်မပြန်။ ဝါ၊ အပြားအားဖြင့် အလိုလိုကိုယ်တော်တိုင်သာသျှင် သိတော်မူရာဖြစ်သော မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းသည်လည်း။ ဝါ၊ ညောင်တကာတို့၏ဘုရင် သစ်ပင်တကာတို့၏ အထွန့်အဖျား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ။ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးစုံသော သတ္တိကြောင့်။ ဝါ၊ ပူဇော်အပ်သော အလုံးစုံသော တရားတို့ကို မဖေါက်မပြန်။ ဝါ၊ အပြားအားဖြင့် အလိုလိုကိုယ်တော်တိုင်သာသျှင် သိတော်မူရာဖြစ်သော မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း။ ဝါ၊ ညောင်တကာတို့၏ ဘုရင် သစ်ပင်တကာတို့၏အထွန့်အဖျား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ။ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း။

တံ မဟာဗောဓိံ အဟံ ဝန္ဒာမိ သိရသာ။

တံမဟာဗောဓိံ၊ ထိုမြတ်သော။ ဝါ၊ ထိုပူဇော်အပ်သော အလုံးစုံသော တရားတို့ကို မဖေါက်မပြန်။ ဝါ၊ အပြားအားဖြင့် အလိုလိုကိုယ်တော်တိုင်သာသျှင် သိတော်မူရာဖြစ်သော မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းကို။ ဝါ၊ ညောင်တကာတို့၏ဘုရင် သစ်ပင်တကာတို့၏အထွန့်အဖျား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ။ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းကို။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

တဗ္ဗ ဗုဒ္ဓ အပ ဝန္ဒာမိ သိရသာ။

တဗ္ဗဗုဒ္ဓ၊ ထိုမြတ်သော။ ဝ ါ၊ ထိုပူဇော်အပ်သော အလုံးစုံသော တရားတို့ကို မဖေါက်မပြန်။ ဝ ါ၊ အပြားအားဖြင့် အလိုလို ကိုယ်တော်တိုင်သာလျှင် သိတော်မူရာ ဖြစ်သော မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း၏ အရင်း၌။ ဝ ါ၊ ညောင်တကာတို့၏ ဘုရင် သစ်ပင်တကာတို့၏ အထွန်အဖျား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ။ ဖြစ်တော်မူသော ဒုမရာဇာ၊ မဟာဗုဒ္ဓဟော ရွှေညောင်ပင် မင်း၏ အရင်း၌ သိတော် မူတတ်သော မြတ်စွာဘုရာ ကိုလည်း။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးဖြင့်၊ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ၊ (သိခြင်းအနက်)

တနည်းကား။ ။ဧတ္ထ၊ ဤမဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း၏ အရင်း၌၊ ဝ ါ၊ ညောင်တကာတို့၏ ဘုရင် သစ်ပင် တကာတို့၏ အထွန် အဖျား မြတ်စွာဘုရားနှင့် အတူ ဘွားဘက်တော် တဆူ ညောင်သယမ္ဘူ။ ဖြစ်တော်မူသော။ ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း၏အရင်း၌၊ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သဝါသနသမ္မောဟနိဒ္ဒါယ၊ ဝါသနာနှင့်တကွပြင်းစွာတွေဝေခြင်း။ မောဟဟုဆိုအပ်သော အိပ်ပျော်ခြင်းမှ၊ သမ္မာ၊ စင်စစ်၊ သယမေဝ၊ အလိုလို ကိုယ်တော်တိုင်သာလျှင်။ ဗုဇ္ဈတိ၊ နိုးတော်မူတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ဝါသနာနှင့်တကွ ပြင်းစွာတွေဝေခြင်း၊ မောဟဟု ဆိုအပ်အပ်သော အိပ်ပျော်ခြင်းမှ။ စင်စစ်အလိုလို ကိုယ်တော် တိုင်သာလျှင် နိုးတော်မူရာဖြစ်သော သတ္တိကြောင့်။ သော၊ ထိုမဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းသည်၊ ဝ ါ၊ ထိုညောင်တကာတို့၏ဘုရင် သစ်ပင် တကာတို့၏အထွန်အဖျား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော် တဆူ ညောင်သယမ္ဘူ။ဖြစ်တော်မူသော ဒုမရာဇာ, မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းသည်။ ဗောဓိ ဗောဓိမည်၏။ ဗောဓိ၊ ဝါသနာနှင့် တကွ ပြင်းစွာတွေဝေခြင်း မောဟဟုဆိုအပ်သော အိပ်ပျော်ခြင်းမှ စင်စစ်အလိုလို ကိုယ်တော်တိုင်သာလျှင် နိုးတော်မူရာဖြစ်သော

မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း။ ဝါ၊ ညောင်တကာတို့၏ဘုရင် သစ်ပင်တကာတို့၏ အထွန်းအဖျား မြတ်စွာဘုရားနှင့်အတူ။ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ။ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း။

မဟာဗ္ဘော စ သော ဗောဓိစာတိ မဟာဗောဓိ။

မဟာဗ္ဘောစ၊ မြတ်သည်လည်း။ ဝါ၊ ပူဇော်အပ်သည်လည်း၊ ဟောတိ၊ ဖြစ်၏။ သော၊ ထို မြတ်သည်ကား။ ဝါ ထိုပူဇော်အပ်သည်ကား၊ ဗောဓိစ၊ ဝါသနာ နှင့် တကွပြင်းစွာ တွေ့စေခြင်း မောဟာဟု ဆိုအပ်သော အိပ်ပျော်ခြင်းမှ စင်စစ် အလိုလို ကိုယ်တော်တိုင်သာလျှင် နိုးတော် မူရာ ဖြစ်သော မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းသည်လည်း။ ဝါ၊ ညောင်တကာတို့၏ဘုရင် သစ်ပင်တကာတို့၏ အထွန်းအဖျား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ။ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းသည်လည်း၊ ဟောတိ၊ ဖြစ်၏။ ဇာတိတသ္မာ၊ ထိုနှစ်ပါးစုံသောသတ္တိကြောင့်။ မဟာဗောဓိ၊ မဟာဗောဓိမည်၏။ မဟာဗောဓိ၊ မြတ်သော။ ဝါ၊ ပူဇော်အပ်သော ဝါသနာနှင့်တကွ ပြင်းစွာတွေ့စေခြင်း မောဟာဟုဆိုအပ်သော အိပ်ပျော်ခြင်းမှ စင်စစ်အလိုလိုကိုယ်တော်တိုင်သာလျှင် နိုးတော်မူရာဖြစ်သော မဟာဗုဒ္ဓဟောရွှေညောင်ပင်မင်း။ ဝါ ညောင်တကာတို့၏ဘုရင် သစ်ပင်တကာတို့၏အထွန်းအဖျား မြတ်စွာဘုရားနှင့် အတူဘွားဘက်တော်တဆူ ညောင်သယမ္ဘူ။ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း။

တံ မဟာဗောဓိံ အဟံ ဝန္ဒာမိ သိရသာ။

တံမဟာဗောဓိံ၊ ထိုမြတ်သော။ ဝါ၊ ထို ပူဇော်အပ်သော ဝါသနာနှင့်တကွ ပြင်းစွာတွေ့စေခြင်း မောဟာဟု ဆိုအပ်သော အိပ်ပျော်ခြင်းမှ စစ်စစ်အလိုလို ကိုယ်တော်တိုင်သာလျှင် နိုးတော်မူရာ ဖြစ်သော မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းကို။ ဝါ၊ ညောင်တကာ

ဘို့၏ဘုရင် သစ်ပင် တကာတို့၏ အထွဋ် အဖျား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဃော ရွှေညောင် ပင်မင်း ကို။ အဟံ အကျွန်ုပ်သည်။ သိရသာ၊ ဦးဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

တဉ္စ ဗုဒ္ဓံ အဟံ ဝန္ဒာမိ သိရသာ။

တဉ္စဗုဒ္ဓံ၊ ထိုမြတ်သော။ ဝါ၊ ထိုပူဇော်အပ်သော ဝါသနာနှင့်တကွ ပြင်းစွာတွေဝေခြင်းမောဟဟုဆိုအပ်သော အိပ်ပျော်ခြင်းမှ စင်စစ်အလိုလို ကိုယ်တော်တိုင်သာလျှင် နိုးတော်မူရာ ဖြစ်သော မဟာဗုဒ္ဓဃော ရွှေညောင်မင်း၏ အရင်း၌၊ ဝါ၊ ညောင်တကာတို့၏ ဘုရင် သစ်ပင်တကာတို့၏ အထွဋ်အဖျား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဃော ရွှေညောင်ပင်မင်း၏အရင်း၌ ဝါသနာနှင့်တကွ ပြင်းစွာတွေဝေခြင်းမောဟဟုဆိုအပ်သော အိပ်ပျော်ခြင်းမှ စင်စစ် အလိုလိုကိုယ်တော်တိုင်သာလျှင် နိုးတော်မူတတ်သော မြတ်စွာဘုရားကိုလည်း။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ။နိုးခြင်းအနက်။

တနည်းကား။ ။ဗောဓေ၊ ဤမဟာဗုဒ္ဓဃော ရွှေညောင်ပင်မင်း၏ အရင်း၌၊ ဝါ၊ ညောင်တကာတို့၏ဘုရင် သစ်ပင်တကာတို့၏အထွဋ် အဖျား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင် သယမ္ဘူ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဃော ရွှေညောင်ပင် မင်း၏အရင်း၌။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည် သဗ္ဗညုတဂုဏဂဏာ လင်္ကတ သဗ္ဗညုတဉာဏပတ္တိယာ၊ နေအရောင်နှင့် ပေါင်းမိခြင်း ကြောင့်ကြက်သရေ၏မြတ်သောတင့်တယ်ခြင်းသို့ရောက်သဖြင့်ပွင့် သောပဒုမ္မာကြာကဲ့သို့ အရဟတ္တမဂ်ဉာဏ်နှင့်ပေါင်းမိခြင်းကြောင့် အလုံးစုံသော ဘုရားတို့၏ ဂုဏ်ကျေးဇူးအပေါင်းတို့ဖြင့် တန်းဆာ ဆင်အပ်သော သဗ္ဗညုတဉာဏ်သို့ရောက်သဖြင့်၊ သမ္မာ၊ အသင့် အားဖြင့်။ သယမေဝ၊ အလိုလိုကိုယ်တော်တိုင်သာလျှင်၊ ဗုဇ္ဈတိ၊

ပွင့်တော်မူတတ်၏။ ဇာဘိတသ္မာ၊ ထိုသို့နေရောင်နှင့်ပေါင်းမိခြင်းကြောင့်ကြက်သရေ၏မြတ်သောတင့်တယ်ခြင်းသို့ရောက်သဖြင့်ပွင့်သောပဒုမာကြာကဲ့သို့ အရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းမိခြင်းကြောင့် အလုံးစုံသောဘုရားတို့၏ ဂုဏ်ကျေးဇူးအပေါင်းတို့ဖြင့် တန်းဆာဆင်အပ်သော သဗ္ဗညုတဉာဏ်သို့ရောက်သဖြင့် အသင့်အားဖြင့် အလိုလိုကိုယ်တော်တိုင်သာလျှင် ပွင့်တော်မူရာဖြစ်သော သတ္တိကြောင့်။ သော၊ ထိုမဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းသည်။ ဝါ၊ ညောင်တကာတို့၏ဘုရင် သစ်ပင်တကာတို့၏ အထွန်အမျှား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းသည်။ ဗောဓိ၊ ဗောဓိမည်၏။ ဗောဓိ၊ နေအရောင်နှင့် ပေါင်းမိခြင်းကြောင့် ကြက်သရေ၏ မြတ်သောတင့်တယ်ခြင်းသို့ရောက်သဖြင့် ပွင့်သောပဒုမာကြာကဲ့သို့ အရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းမိခြင်းကြောင့် အလုံးစုံသော ဘုရားတို့၏ ဂုဏ်ကျေးဇူးအပေါင်းတို့ဖြင့် တန်းဆာဆင်အပ်သော သဗ္ဗညုတဉာဏ်သို့ရောက်သဖြင့် အသင့်အားဖြင့် အလိုလိုကိုယ်တော်တိုင်သာလျှင် ပွင့်တော်မူသော မဟာဗုဒ္ဓဟောရွှေညောင်ပင်မင်း။ ဝါ၊ ညောင်တကာတို့၏ဘုရင် သစ်ပင်တကာတို့၏အထွန်အမျှား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း။

မဟာနွေ့ာ စ သော ဗောဓိစာတိ မဟာဗောဓိ။

မဟာနွေ့ာစ၊ မြတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုမြတ်သည်ကား။ ဝါ၊ ထိုပူဇော်အပ်သည်ကား။ ဗောဓိစ၊ နေအရောင်နှင့် ပေါင်းမိခြင်းကြောင့် ကြက်သရေ၏မြတ်သော တင့်တယ်ခြင်းသို့ ရောက်သဖြင့် ပွင့်သောပဒုမာကြာကဲ့သို့ အရဟတ္တမဂ်ဉာဏ်နှင့်ပေါင်းမိခြင်းကြောင့် အလုံးစုံဘုရားတို့၏ ဂုဏ်ကျေးဇူးအပေါင်းတို့ဖြင့် တန်းဆာဆင်အပ်သော သဗ္ဗညုတဉာဏ်သို့

ရောက်သဖြင့် အသင့်အားဖြင့် အလိုလိုကိုယ်တော်တိုင်သာလျှင် ပွင့်တော်မူရာဖြစ်သော မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်းသည် လည်း။ ဝါ၊ ညောင်တကာတို့၏ဘုရင် သစ်ပင်တကာတို့၏အထွန်း အမျှား မြတ်စွာဘုရားနှင့်အတူ ဘွားဘက်တော်တဆူ ညောင် သယမ္ဘူ။ဖြစ်တော်မူသော ဒုမရာဇာမဟာဗုဒ္ဓဟော ရွှေညောင်ပင် မင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးစုံ သောသတ္တိကြောင့်။ မဟာဗောဓိ၊ မဟာဗောဓိမည်၏။ မဟာဗောဓိ၊ မြတ်သော၊ ဝါ၊ ပူဇော်အပ်သော နေအရောင်နှင့် ပေါင်းမိခြင်း ကြောင့် ကြက်သရေ၏ မြတ်သောတင့်တယ်ခြင်းသို့ ရောက်သဖြင့် ပွင့်သောပဒုမာကြာကဲ့သို့ အရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းမိခြင်း ကြောင့် အလုံးစုံသော ဘုရားတို့၏ ဂုဏ်ကျေးဇူးအပေါင်းတို့ဖြင့် တန်းဆာဆင်အပ်သော သဗ္ဗညုတ ဉာဏ်သို့ ရောက်သဖြင့် အသင့်အားဖြင့် အလိုလို ကိုယ်တော်တိုင်သာလျှင် ပွင့်တော်မူရာ ဖြစ်သော မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း။ ဝါ၊ ညောင်ပင်တကာ တို့၏ဘုရင် သစ်ပင်တကာတို့၏ အထွန်းအမျှား မြတ်စွာဘုရားနှင့် အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ။ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း။

တံ မဟာဗောဓိံ အဟံ ဝန္ဒာမိ သိရသာ၊

တံမဟာဗောဓိံ၊ ထိုနေအရောင်နှင့် ပေါင်းမိခြင်းကြောင့် ကြက် သရေ၏ မြတ်သောတင့်တယ်ခြင်းသို့ ရောက်သဖြင့် ပွင့်သောပဒုမာ ကြာကဲ့သို့ အရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းမိခြင်းကြောင့် အလုံးစုံ သော ဘုရားတို့၏ဂုဏ်ကျေးဇူးအပေါင်းတို့ဖြင့် တန်းဆာဆင်အပ် သော သဗ္ဗညုတ ဉာဏ်သို့ ရောက်သဖြင့် အသင့်အားဖြင့် အလို လို ကိုယ်တော် တိုင်သာလျှင် ပွင့်တော်မူရာ ဖြစ်သော မဟာဗုဒ္ဓ ဟော ရွှေညောင်ပင်မင်းကို၊ ဝါ၊ ညောင်တကာတို့၏ဘုရင် သစ်ပင် တကာတို့၏ အထွန်းအမျှား မြတ်စွာဘုရားနှင့်အတူဘွားဘက်တော် တဆူ ညောင်သယမ္ဘူ။ ဖြစ်တော်မူသော ဒုမရာဇာ၊ မဟာဗုဒ္ဓဟော

ရွှေညောင်ပင်မင်းကို။ အဟံ၊ အကျွန်ုပ်သည်၊ သိရသာ၊ ဦးဖြင့်၊ ဝန္ဒာမိ၊ ရှိခိုးပါ၏။

တဥ္စ ဗုဒ္ဓံ အဟံ ဝန္ဒာမိ သိရသာ။

တဥ္စဗုဒ္ဓံ၊ ထိုမြတ်သော။ ဝါ၊ ထိုပူဇော်အပ်သောနေ အရောင်နှင့် ပေါင်းမိခြင်းကြောင့် ကြက်သရေ၏ မြတ်သော တင့်တယ်ခြင်းသို့ ရောက်သဖြင့် ပွင့်သော ပဒုမာ ကြာကဲ့သို့ အရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းမိခြင်းကြောင့် အလုံးစုံသော ဘုရားတို့၏ ဂုဏ်ကျေးဇူးအပေါင်းတို့ဖြင့် တန်းဆာဆင်အပ်သော သဗ္ဗညုတဉာဏ်သို့ရောက်သဖြင့် အသင့်အားဖြင့် အလိုလိုကိုယ်တော်တိုင်သာလျှင် ပွင့်တော်မူရာဖြစ်သော မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း၏အရင်း၌၊ ဝါ၊ ညောင်တကာတို့၏ဘုရင် သစ်ပင်တကာတို့၏အထွဋ်အဖျား မြတ်စွာဘုရားနှင့် အတူ ဘွားဘက်တော်တဆူ ညောင်သယမ္ဘူ ဖြစ်တော်မူသော ဒုမရာဇာ မဟာဗုဒ္ဓဟော ရွှေညောင်ပင်မင်း၏ အရင်း၌ နေအရောင် နှင့် ပေါင်းမိခြင်းကြောင့် ကြက်သရေ၏ မြတ်သော တင့်တယ်ခြင်းသို့ ရောက်သဖြင့် ပွင့်သော ပဒုမ္မာကြာကဲ့သို့ အရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းမိခြင်းကြောင့် အလုံးစုံသော ဘုရားတို့၏ ဂုဏ်ကျေးဇူးအပေါင်းတို့ဖြင့် တန်းဆာဆင်အပ်သော သဗ္ဗညုတဉာဏ်သို့ ရောက်သဖြင့် အသင့်အားဖြင့် အလိုလိုကိုယ်တော်တိုင်သာလျှင် ပွင့်တော်မူတတ်သော မြတ်စွာဘုရားကိုလည်း။ အဟံ၊ အကျွန်ုပ်သည်၊ သိရသာ၊ ဦးဖြင့်၊ ဝန္ဒာမိ၊ ရှိခိုးပါ၏။

( ပွင့်ခြင်းအနက် )

ဗောဓိပင်ဘုရားရှိခိုးပြီးပြီ။

# ကမ္မဋ္ဌာန်းသစ်။

## ဖဿဝေဒနာအစုကို သိမ်းဆည်းပုံ။

(၁) ကံကောင်း၊ ကောင်းကောင်းနှင့်တွေ့၊ ကောင်းကောင်း ခံစားရ။
(၂) ကံဆိုး၊ ဆိုးဆိုးနှင့်တွေ့၊ ဆိုးဆိုးခံစားရ။
(၃) စိတ်ကောင်း၊ ကောင်းကောင်းနှင့်တွေ့၊ ကောင်းကောင်း ခံစားရ။
(၄) စိတ်ဆိုး၊ ဆိုးဆိုးနှင့်တွေ့၊ ဆိုးဆိုးခံစားရ။
(၅) ဥတုကောင်း၊ ကောင်းကောင်းနှင့်တွေ့၊ ကောင်းကောင်း ခံစားရ။
(၆) ဥတုဆိုး၊ ဆိုးဆိုးနှင့်တွေ့၊ ဆိုးဆိုးခံစားရ။
(၇) အာဟာရကောင်း၊ ကောင်းကောင်းနှင့်တွေ့၊ ကောင်း ကောင်းခံစားရ။
(၈) အာဟာရဆိုး၊ ဆိုးဆိုးနှင့်တွေ့၊ ဆိုးဆိုးခံစားရ။

---

## အကြောင်းလေးပါးကြောင့်ဖြစ်သော ရုပ်မုန့်ရုပ်စုအဖြစ်ကို သိမ်းဆည်းပုံ။

(၁) မိန်းမယောကျ်ား အကောင်သတ္တဝါမဟုတ်၊ ကံကြောင့် ဖြစ်သော ရုပ်မုန့်ရုပ်စုရုပ်ထည်ကြီး။
(၂) မိန်းမယောကျ်ား အကောင်သတ္တဝါမဟုတ် စိတ်ကြောင့် ဖြစ်သော ရုပ်မုန့်ရုပ်စုရုပ်ထည်ကြီး။
(၃) မိန်းမယောကျ်ား အကောင်သတ္တဝါမဟုတ်၊ ဥတုကြောင့် ဖြစ်သော ရုပ်မုန့်ရုပ်စုရုပ်ထည်ကြီး။
(၄) မိန်းမယောကျ်ား အကောင်သတ္တဝါမဟုတ်၊ အာဟာရ ကြောင့်ဖြစ်သော ရုပ်မုန့်ရုပ်စုရုပ်ထည်ကြီး။

## သတိပဋ္ဌာန်လေးပါး။

(၁) ကာယေ ကာယာနုပဿနာ။

ကာယေ၊ အကောင်သတ္တဝါ မိန်းမယောကျ်ားမဟုတ်၊ ဖေါက်ပြန်တတ်သောအပေါင်း၌။ ကာယာနုပဿနာ၊ အကောင်သတ္တဝါ မိန်းမယောကျ်ားမဟုတ် ဖေါက်ပြန်တတ်သော အပေါင်းသာဟု အဘန်တလဲလဲ ရှုခြင်း မှတ်ခြင်း။

(၂) ဝေဒနာသု ဝေဒနာနုပဿနာ။

ဝေဒနာသု၊ သာယာမသာယာ လျစ်လျူကာ ခံစားတတ်သော ဝေဒနာတို့၌။ ဝေဒနာနုပဿနာ၊ အကောင်သတ္တဝါ မိန်းမယောကျ်ားမဟုတ် သာယာမသာယာ လျစ်လျူကာ ခံစားတတ်သော ဝေဒနာတရားတို့သာဟု အဖန်တလဲလဲရှုခြင်း မှတ်ခြင်း၊

(၃) စိတ္တေ စိတ္တာနုပဿနာ။

စိတ္တေ၊ အကောင် သတ္တဝါ မိန်းမယောကျ်ား မဟုတ်၊ အာရုံ ၆-ပါးကို သိတတ်သောစိတ်၌၊ စိတ္တာနုပဿနာ၊ အကောင်သတ္တဝါ မိန်းမယောကျ်ားမဟုတ်၊ အာရုံ ၆-ပါးကို သိတတ်သော စိတ်သာဟု အဖန်တလဲလဲ ရှုခြင်း၊ မှတ်ခြင်း။

(၄) ဓမ္မေသု ဓမ္မာနုပဿနာ။

ဓမ္မေသု၊ အကောင်သတ္တဝါ မိန်းမယောကျ်ား မဟုတ်၊ ခန္ဓာစသော သဘောတရားတို့၌။ ဓမ္မာနုပဿနာ အကောင်သတ္တဝါ မိန်းမယောကျ်ားမဟုတ် ခန္ဓာစသောသဘောတရားတို့သာဟုအဖန်တလဲလဲ ရှုခြင်း၊ မှတ်ခြင်း။

---

## ပဋိစ္စသမုပ္ပါဒ်။

(၁) ရောက်သမျှထင် ထင်သမျှတွေ့ တွေ့သမျှခံ ခံသမျှအလိုရှိ အလိုရှိသမျှ စွဲလမ်း စွဲလမ်းသမျှ အားထုတ် အားထုတ်သမျှ

အသစ်ဖြစ် အသစ် ဖြစ်သမျှ အိုသေ ကြောင်း၊ ကျိုး အစဉ် ပေ
မှတ်လေပဋိစ္စသမုပ္ပါဒ်အကျဉ်းတည်း။

## အသုဘာကိုသိမ်းဆည်းပုံ။

(၁) ဆံနှင့်အမွေး၊ နှပ်တံတွေး၊ ညစ်ကြေးကျင်ကြီးငယ်၊
(၂) ရှင်သေနှစ်မျိုး၊ တူကြရိုး၊ ရုပ်ဆိုးမတင့်တယ်။
(၃) ပျိုအိုနှစ်မျိုး၊ တူကြရိုး၊ ရုပ်ဆိုး မတင့်တယ်၊
(၄) ယုတ်မြတ်နှစ်မျိုး၊ တူကြရိုး၊ ရုပ်ဆိုးမတင့်တယ်။
(၅) ကိုယ်သား ကိုယ်သွေး၊ ဆံအမွေးက၊ ပြည်စေးတလျှပ်ယှူ
သမျှ၊ မြင်ကစက်ဆုပ်ဘွယ်။
(၆) ရေချောင်း ဆီရောင်၊ တန်းဆာချောင်နှင့်၊ ကိုယ်ကောင်
မဟုတ်၊ ဤကိုယ်ပုပ်၊ ဟန်လုပ် တကယ်ကယ်။
(၇) တွင်းပုပ်ပြင်ပုပ်၊ ဤကိုယ်ပုပ်၊ စက်ဆုပ်ရွံ့ရှာဘွယ်၊
(၈) မသေလည်းပုပ်၊ သေလည်းပုပ်၊စက်ဆုပ်ရွံ့ရှာဘွယ်၊

## ခန္ဓာငါးပါး။

(၁) ရှေးနှင့်မတူ၊ ဖေါက်ပြန်မှု၊ ရူပက္ခန္ဓာသဘောတည်း။
(၂) မခံနိုင်အောင်၊ ခံနိုင်ပျော်၊ နှစ်ဘော်ဝေဒနက္ခန္ဓာ သဘော
တည်း၊
(၃) မဟုတ်လည်းမှတ်၊ဟုတ်လည်းမှတ်၊ဆတ်ဆတ်သညက္ခန္ဓာ
သဘောတည်း။
(၄) ချစ်ခြင်း၊ မုန်းခြင်း၊ ကြည်ညိုခြင်းက၊ စသည်အပေါင်း၊
ဆိုးကောင်းစိတ်က၊ ဖြစ်သမျှ၊ မှတ်ကြ သင်္ခါရက္ခန္ဓာ
သဘောတည်း။
(၅) မြင်သိကြားသိ၊ နမ်းရှုသိက၊ လျက်သိ တွေ့သိ ကြံစည်သိ၊
မှတ်သိဝိညာဏက္ခန္ဓာသဘောတည်း။

## ဓာတ်လေးပါး။

(၁) ပထဝီမြေ၊ အာပေါရေ၊ မာထွေစည်းဖွဲ့သဘောတည်း။
(၂) တေဇောမီးပေ၊ ဝါယောလေ၊ ရင့်ကြေတောင့်တင်း လှုပ်လက်သဘောတည်း။

## အဌကလာပ်ရုပ် ရှစ်ပါး။

(၁) မြင်ရာကြားရာ၊ နမ်းရှူရာက၊ လျက်ရာတွေ့ရာ၊ တဖြာမှတ်ရေး၊ သွေး၊ သက်၊ ထီး၊ မ၊ ရုပ်ကိုး၀၊ ကမ္မကြောင့်ဖြစ်ပါ။

(၂) ခေါင်းကိုယ် ခြေလက်၊ မျက်စိ နားနှာ၊ အင်္ဂါလုံးပြား သဏ္ဍာန်အားဖြင့် ယောကျ်ားမိန်းမ၊ဖြစ်ပေါ်ကြ၊ကမ္မကြောင့်မှတ်ပါ။

(၃) အရိုးအသား၊ ဆံနှင့် သွားက၊ လုံးပြားအင်္ဂါ၊ ခိုင်မာတောင့်တင်း၊ ရင့်အိုခြင်း၊ မယွင်းဥတုကြောင့်ဖြစ်ပါ။

(၄) အလုံးအပြား၊ ဖွံ့ ကြီးထွား၊ အားအန်အာဟာရကြောင့်ဖြစ်ပါ။

(၅) ပြောခြင်းဆိုခြင်း၊ စားသောက်ခြင်းနှင့် အိပ်ခြင်း ထိုင်ခြင်း၊ ရပ်သွားခြင်း၊ လှုပ်ခြင်းစိတ်ကြောင့်ဖြစ်ပါ။

## အကြောင်းလေးပါးကြောင့်ဖြစ်သောရုပ်။

(၁) မြေ၊ ရေ၊ မီး၊ လေ၊ လေးထွေဝေါဟာ။ မာ၊ ပျော့၊ ပူ၊ လှုပ်။ ဘူတရုပ်နှင့်။ သရုပ်မယွင်း။ ဆင်း၊ နံ့၊ ရသာ။ ဩဇာဟူထ။ ရှစ်ပါးပြ။ အဌကလာပ်ရုပ်မှတ်ပါ။

## ပကိဏ္ဏက။

၁။ မခံနိုင်သေ၊ မသေနိုင်ခံ၊ သည်ရုပ်နာမ်၊ တရံမရွေ့သာ။
၂။ အပျိုအအို၊ ဤရုပ်ကိုယ်၊ ပုပ်မြဲမကောင်းပါ။
၃။ ထိုင်းမှိုင်းရှုတ်ယို၊ ဤရုပ်ကိုယ်၊ အလိုမလိုက်ပါ။
၄။ ဖြစ်ချုပ်ဖြစ်ချုပ်၊ တဟုတ်ဟုတ်၊ နာမ်ရုပ်ဓမ္မတာ။
၅။ ကောင်ထည်မဟုတ်၊ တလှုပ်လှုပ်၊ ဖြစ်ချုပ်အစဉ်သာ။
၆။ တိတ်ပစ္စုပ္ပန်၊ နာဂတံ၊ သုံးတန်ကာလသာ။

၇။ ဖြစ်လေ့ချုပ်လေ့၊ လွန်သိမ်မွေ့၊ ကြည့်၍မမြင်သာ။
၈။ ဉာဏ်ဖြင့်ရှုမှ၊ သဘာဝ၊ ရချထင်သည်သာ။
၉။ ဖြစ်သလိုခံ၊ သည်ရုပ်နာမ်၊ တရံမရွေ့သာ။
၁၀။ ဖျက်ဖျက်ဖျက်ဖျက်၊ ဖြစ်၍ပျက်၊ သက်သက်ဒုက္ခသာ။
၁၁။ အနိစ္စဒုက္ခ၊ အစဉ်မျှ၊ အတ္တမဟုတ်ပါ။
၁၂။ အမြဲချမ်းသာ၊ သတ္တဝါနှင့်၊ သူငါမဟုတ်၊ တလှုပ်လှုပ်၊ ဖြစ်ချုပ်အစဉ်သာ။
၁၃။ ရုပ်ဆောင်ဟန်ဆောင်၊ တယောင်ယောင်နှင့်၊ ကိုယ်ကောင်မဟုတ်၊ တလှုပ်လှုပ်၊ နာမ်ရုပ် အစဉ်သာ။
၁၄။ အလုံးအပြား၊ ထင်တိုင်းများ၊ ထင်ရှားကောင်ထည် မဟုတ်ပါ။
၁၅။ လုံးစဉ်ပြားစဉ်၊ ထပ်ထပ်စဉ်၊ ရေယဉ်မီးပမာ။
၁၆။ လူမဟုတ်ဘဲ၊ လူဟုစွဲ၊ ဖေါက်လွဲဝိပလ္လာ။
၁၇။ နတ်မဟုတ်ဘဲ၊ နတ်ဟုစွဲ၊ ဖေါက်လွဲဝိပလ္လာ။
၁၈။ ဗြဟ္မာမဟုတ်ဘဲ၊ ဗြဟ္မာဟုစွဲ၊ ဖေါက်လွဲဝိပလ္လာ။
၁၉။ ယောကျ်ားမဟုတ်ဘဲ၊ ယောကျ်ားဟုစွဲ၊ ဖေါက်လွဲ ဝိပလ္လာ။
၂၀။ မိန်းမမဟုတ်ဘဲ၊ မိန်းမဟုစွဲ၊ ဖေါက်လွဲဝိပလ္လာ။
၂၁။ လင်မဟုတ်ဘဲ၊ လင်ဟုစွဲ၊ ဖေါက်လွဲဝိပလ္လာ။
၂၂။ မယားမဟုတ်ဘဲ၊ မယားဟုစွဲ၊ ဖေါက်လွဲဝိပလ္လာ။
၂၃။ သားမဟုတ်ဘဲ၊ သားဟုစွဲ၊ ဖေါက်လွဲဝိပလ္လာ။
၂၄။ သမီးမဟုတ်ဘဲ၊ သမီးဟုစွဲ၊ ဖေါက်လွဲဝိပလ္လာ။
၂၅။ ငါမဟုတ်ဘဲ၊ ငါဟုစွဲ၊ ဖေါက်လွဲဝိပလ္လာ။
၂၆။ သူမဟုတ်ဘဲ၊ သူဟုစွဲ၊ ဖေါက်လွဲဝိပလ္လာ။
၂၇။ အကောင်မဟုတ်ဘဲ၊ အကောင်ဟုစွဲ၊ ဖေါက်လွဲဝိပလ္လာ။
၂၈။ သတ္တဝါမဟုတ်ဘဲ၊ သတ္တဝါဟုစွဲ၊ ဖေါက်လွဲဝိပလ္လာ။
၂၉။ လူမဟုတ်ဘဲ၊ လူဟုစွဲ၊ ဆင်းရဲရမည်သာ။
၃၀။ နတ်မဟုတ်ဘဲ၊ နတ်ဟုစွဲ၊ ဆင်းရဲရမည်သာ။

၃၁။ ဗြဟ္မာမဟုတ်ဘဲ၊ ဗြဟ္မာဟုစွဲ၊ ဆင်းရဲရမည်သာ။
၃၂။ ယောကျ်ားမဟုတ်ဘဲ၊ ယောကျ်ားဟုစွဲ၊ ဆင်းရဲရမည်သာ။
၃၃။ မိန်းမမဟုတ်ဘဲ၊ မိန်းမဟုစွဲ၊ ဆင်းရဲရမည်သာ။
၃၄။ လင်မဟုတ်ဘဲ၊ လင်ဟုစွဲ၊ ဆင်းရဲရမည်သာ။
၃၅။ မယားမဟုတ်ဘဲ၊ မယားဟုစွဲ၊ ဆင်းရဲရမည်သာ။
၃၆။ သားမဟုတ်ဘဲ၊ သားဟုစွဲ၊ ဆင်းရဲရမည်သာ။
၃၇။ သမီးမဟုတ်ဘဲ၊ သမီးဟုစွဲ၊ ဆင်းရဲရမည်သာ။
၃၈။ လင်မဟုတ်ဘဲ၊ လင်ဟုစွဲ၊ ရှင်ကွဲ ကွဲမည်သာ။
၃၉။ လင်မဟုတ်ဘဲ၊ လင်ဟုစွဲ၊ သေကွဲ ကွဲမည်သာ။
၄၀။ မယားမဟုတ်ဘဲ၊ မယားဟုစွဲ၊ ရှင်ကွဲ ကွဲရမည်သာ။
၄၁။ မယားမဟုတ်ဘဲ၊ မယားဟုစွဲ၊ သေကွဲ ကွဲရမည်သာ။
၄၂။ သားမဟုတ်ဘဲ၊ သားဟုစွဲ၊ ရှင်ကွဲ ကွဲရမည်သာ။
၄၃။ သားမဟုတ်ဘဲ၊ သားဟုစွဲ၊ သေကွဲ ကွဲမည်သာ။
၄၄။ သမီးမဟုတ်ဘဲ၊ သမီးဟုစွဲ၊ ရှင်ကွဲ ကွဲမည်သာ။
၄၅။ သမီးမဟုတ်ဘဲ သမီးဟုစွဲ၊ သေကွဲ ကွဲမည်သာ။
၄၆။ လင်ရှိသသူ၊ လင်ကြောင့်ပူ၊ လိုက်ဆူမချမ်းသာ။
၄၇။ မယားရှိသသူ၊ မယားကြောင့်ပူ၊ လိုက်ဆူမချမ်းသာ။
၄၈။ သားရှိသသူ၊ သားကြောင့်ပူ၊ လိုက်ဆူမချမ်းသာ။
၄၉။ သမီးရှိသသူ၊ သမီးကြောင့်ပူ၊ လိုက်ဆူမချမ်းသာ။
၅၀။ နွားရှိသသူ၊ နွားကြောင့်ပူ၊ လိုက်ဆူမချမ်းသာ။
၅၁။ ကျွဲရှိသသူ၊ ကျွဲကြောင့်ပူ၊ လိုက်ဆူမချမ်းသာ။
၅၂။ ဆင်ရှိသသူ၊ ဆင်ကြောင့်ပူ၊ လိုက်ဆူမချမ်းသာ။
၅၃။ စိန်ရှိသသူ၊ စိန်ကြောင့်ပူ၊ လိုက်ဆူမချမ်းသာ။
၅၄။ ကျောက်ရှိသသူ၊ ကျောက်ကြောင့်ပူ၊ လိုက်ဆူမချမ်းသာ။
၅၅။ ပေါင်းကြလျှင်ကွဲ၊ မချွတ်လွဲ၊ အမြဲဓမ္မတာ။
၅၆။ သေကွဲ ရှင်ကွဲ၊ သည်နှစ်ကွဲ၊ မလွဲနိုင်ကြသာ။
၅၇။ သင်္ခါရမျိုး၊ ဖြစ်ပျက်ရိုး၊ လွန်ဆိုးကြောက်အပ်စွာ။

ကမ္မဋ္ဌာန်းသစ်ပြီး၏။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး
မဟာချွန်းမာတော်မူစဉ်အတွင်း သင်ပေးတော်မူသော

## နောက်ဆက် ကမ္မဋ္ဌာန်း။

၁။ ပဒုမ်မှာနာမည်၊ အထည် ပေါက်ပြန်တတ်ပါသတဲ့၊ စွဲဉာဏ်ရှုမြဲမှတ်ကြပါ။

၂။ ပဒုမ်မှာအမည်၊ အထည်မှာ အရိုးရပါတဲ၊ ရှေးအတူသဘောအတိုင်းဆိုပါ။

၃။ အသားရပါတဲ။ ၄။ အသွေးရပါတဲ။ ၅။ အမွေးရပါတဲ၊ ၆။ အရေရပါတဲ။ ၇။ အကြောရပါတဲ။ ၈။ ပုပ်နံ့အရပါတဲ။ ၉။ ရုပ်နာမ်အရပါတဲ။ စွဲဉာဏ် ရှုမြဲမှတ်ကြပါ။

၁၀၊ ပဒုမ်မှာနာမည်၊အထည်မှာဒုက္ခသစ္စာ၊မအောင့်နိုင်တဲ့ဟာ အမှန်အရကြီးပါတဲ၊ စွဲဉာဏ်ရှုမြဲမှတ်ကြပါ။

၁၁။ ပဒုမ်မှာနာမည်၊အထည်မှာ–သမုဒယသစ္စာ၊ ပေါင်းသင်းမချွတ်မသွင်း၊ အညီအမျှ ဒုက္ခကို ဖြစ်စေ တတ်သော ချစ်ခင်တွယ်တာခြင်းတရားအမှန် အရကြီးပါတဲ၊စွဲဉာဏ် ရှုမြဲမှတ်ကြပါ၊

၁၂။ မိတ်ချေ, ဖွင့်ချေ၊ ဤနှစ်ထွေ၊ အနေမမြဲတဲ့ဟာ အမှန်ချည်းသာဘည်။

၁၃။ ထွက်ချေ,ဝင်ချေ၊ ဤနှစ်ထွေ၊ ဝိညာဉ်အနေမမြဲတဲ့ဟာ အမှန်ချည်းသာတည်း။

၁၄။ ငိုချေရယ်ချေ၊ ဤနှစ်ထွေ၊ အနေမမြဲတဲ့ဟာ အမှန်ချည်းသာဘည်း

၁၅။ ဆိုချေ,ဆဲချေ၊ ဤနှစ်ထွေ၊ အနေမမြဲတဲ့ဟာ အမှန်ချည်းသာဘည်း။

၁၆။ ချစ်ချေ့, ပုန်းချေ့၊ ဤနှစ်ထွေ၊ အနေ မမြဲတဲ့ဟာ အမှန်ချည်းသာတည်း။
၁၇။ ကွေးချေ့,ဆန့်ချေ့၊ ဤနှစ်ထွေ၊ အနေမမြဲတဲ့ ခန္ဓာသဘောတည်း။
၁၈။ အိပ်ချေ့,ထိုင်ချေ့၊ ဤနှစ်ထွေ၊ အနေမမြဲတဲ့ ခန္ဓာသဘောတည်း။
၁၉။ ထိုင်ချေ့,ထချေ့၊ ဤ နှစ်ထွေ၊ အနေမမြဲတဲ့ ခန္ဓာသဘောတည်း။
၂၀။ စောင်းချေ့, မှောက်ချေ့၊ ဤနှစ်ထွေ၊ အနေမမြဲတဲ့ ခန္ဓာသဘောတည်း။
၂၁။ သွားချေ့,ရပ်ချေ့၊ ဤနှစ်ထွေ၊ အနေမမြဲတဲ့ ခန္ဓာသဘောတည်း။
၂၂။ မိဘနှစ်ပါး၊ ချစ်သူများတို့၊ မခြားတူကွ၊ ဖြစ်သမျှမှာ၊ ပေါင်းရပါကတဲ့၊တည်မမြဲ ငိုပွဲခံရမည်အမှန်သာတည်း။
၂၃။ ရင်းအထက်နည်းဆို၍၊ ပေါင်းရပါကတဲ့၊ တည်မမြဲ ရှင်ကွဲကွဲမည်အမှန်သာတည်း။
၂၄။ ရင်း။လ။တည်မမြဲ၊ သေကွဲ ကွဲရမည်အမှန်သာတည်း။
၂၅။ လင်နှင့်မယား၊ ချစ်သူများတို့၊ မခြား တူကွ၊ ဖြစ်သမျှမှာ၊ ပေါင်းရပါကတဲ့ တည်မမြဲ၊ငိုပွဲခံရမည် အမှန်သာတည်း။
၂၆။ လင်နှင့်မယား ။လ။ ရှင်ကွဲ ကွဲရမည် အမှန်သာတည်း။
၂၇။ လင်နှင့်မယား ။လ။ သေကွဲ ကွဲရမည်အမှန်သာတည်း။
၂၈။ သို့နှင့်သား၊ ချစ်သူများတို့၊ မခြားတူကွ၊ ဖြစ်သမျှမှာ၊ ပေါင်းရပါကတဲ့၊တည်မမြဲ၊ငိုပွဲခံရမည် အမှန်သာတည်း။
၂၉။ သို့နှင့်သား ။လ။ ရှင်ကွဲ ကွဲရမည် အမှန်သာတည်း။
၃၀။ သို့နှင့်သား ။လ။ သေကွဲ ကွဲရမည် အမှန်သာတည်း။
၃၁။ မိတ်ဆွေပေါင်းဖြား ။လ။ ငိုပွဲခံရမည်အမှန်သာတည်း။
၃၂။ မိတ်ဆွေပေါင်းဖြား။လ။ရှင်ကွဲ ကွဲရမည်အမှန်သာတည်း။
၃၃။ မိတ်ဆွေပေါင်းဖြား။လ။သေကွဲ ကွဲရမည်အမှန်သာတည်း။

၃၄။ ဥာတကာပဟူကြား။လ။ငိုပွဲခံရမည်အမှန်သာဘည်း။
၃၅။ ဥာတကာပဟူကြား။လ။ရှင်ကွဲ ကွဲရမည်အမှန်သာတည်း။
၃၆။ ဥာတကာပဟူကြား။လ။ သေကွဲ ကွဲရမည်အမှန်သာတည်း။
၃၇။ ဥဒယဗ္ဗယ ပဋိပိဋ္ဌနသဘာဝေါ၊ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် အဘန်တလဲလဲ နှိပ်စက်တတ်သော အခြင်းအရာသာဖြစ်ကုန်၏၊
၃၈။ ရုပ်နာမ်ထင်ရှား ပျော်လိုကြား၊ အများပုထုဇ္ဇဉ်မိုက်တို့၏ သဘောတည်။
၃၉။ ရုပ်နာမ်ထင်ရှား၊ မပျော်ကြား၊ ဘုရားပစ္စေကဗုဒ္ဓါ အရိယာတို့၏ သဘောဘည်း။
၄၀။ ရုပ်နာမ်ထင်ရှား၊ရှိတုကြား၊ကား၊ဖျားကြနာကြ၊ သေပျောက်ကြ၊ ဒုက္ခခံကြရမည် အမှန်သာတည်း။
၄၁။ ပြုကျိုးမရှိ၊ ပြင်ကျိုးမရှိ၊ မသိကျေးဇူးခန္ဓာတည်း။
၄၂။ လုပ်ကျိုးမရှိ၊ ကိုယ်ကျိုးမရှိ၊ ခံမချိ၊ မသိကျေးဇူး ခန္ဓာတည်း။
၄၃။ စားကျိုးမရှိ၊ သောက်ကျိုးမရှိ၊ ခံမချိ၊ မသိကျေးဇူးခန္ဓာတည်း။
၄၄။ ပြင်ကျိုးမရှိ၊ ဆင်ကျိုးမရှိ၊ ခံမချိ၊မသိကျေးဇူးခန္ဓာတည်း။
၄၅။ မခံနိုင်သော၊ ခံနိုင်နေ၊ နှစ်ထွေနာမ်ရုပ်သဘောတည်း။
၄၆။ ပြုကျိုးမရှိ၊ ပြင်ကျိုးမရှိ၊ နှိပ်စက်ဘိ၊ မသိကျေးဇူးခန္ဓာတည်း။
၄၇။ လုပ်ကျိုးခရှိ ကိုင်ကျိုးမရှိ နှိပ်စက်ဘိ၊ မသိကျေးဇူး ခန္ဓာတည်း။
၄၈။ စာကျိုးမရှိ၊ သောက်ကျိုးမရှိ၊ နှိပ်စက်ဘိ၊ မသိကျေးဇူး ခန္ဓာတည်း။
၄၉။ ပြင်ကျိုးမရှိ၊ ဆင်ကျိုးမရှိ၊ နှိပ်စက်ဘိ၊ မသိကျေးဇူ န္ဓာ တည်း။
၅၀။ ပြုရင်းပြင်ရင်း၊ နှိပ်စက်ရင်း၊ အိုခြင်းခံရမည်သာတည်း။

၅၁။ ပြုရင်းပြင်ရင်း၊နှိပ်စက်ရင်း၊ ဖျားခြင်းခံရမည်သာတည်း။
၅၂။ ပြုရင်းပြင်ရင်း၊နှိပ်စက်ရင်း၊ နာခြင်းခံရမည်သာတည်း။
၅၃။ ပြုရင်းပြင်ရင်း၊နှိပ်စက်ရင်း၊ သေခြင်းခံရမည်သာတည်း။
၅၄။ ဤကိုယ်ကာယ၊ ရှိသမျှ၊ ဒုက္ခခံကြရမည် အမှန်ချည်းသာတည်း။
၅၅။ ဤကိုယ်ကာယ၊ ရှိသမျှ၊ စားရသောက်ရမည် အမှန်ချည်းသာတည်း။
၅၆။ ဤကိုယ်ကာယ၊ ရှိသမျှ၊ အိုကြရမည် အမှန်ချည်းသာတည်း။
၅၇။ ဤ ကိုယ်ကာယ၊ ရှိသမျှ၊ နာကြရမည် အမှန်ချည်းသာတည်း။
၅၈။ ဤကိုယ်ကာယ၊ ရှိသမျှ၊ သေကြရမည် အမှန်ချည်းသာတည်း။

## သစ္စာနှင့် မဂ္ဂင်။

(၁) ဒုက္ခသစ္စာ၊ မအောင့်နိုင်တဲ့ဟာအမှန်။

(၂) သမုဒယ သစ္စာ၊ အညီအမျှ မချွတ်မယွင်း၊ ဒုက္ခကို ဖြစ်စေတတ်သော ချစ်ခင်တွယ်တာခြင်း အမှန်။

(၃) နိရောဓသစ္စာ၊ ဒုက္ခချုပ်ငြိမ်းခြင်းအမှန်။

(၄) မဂ္ဂသစ္စာ၊ နိဗ္ဗာန်ကို ရောက်စေတတ်တဲ့ဟာအမှန်။ ။ သစ္စာ ၄-ပါး။

(၅) မဟာကာရုဏိကော၊ ခပ်သိမ်းသော ဝေနေယျသတ္တဝါ အပေါင်းတို့ကို ကြီးစွာသော သနားကြင်နာခြင်း ရှိတော်မူတတ်သော မြတ်စွာဘုရား။ ။ဘုရားရှင်၏ဂုဏ်တော်တည်း။

(၆) သင်္ခါရ-သင်္ခတ၊ ပြုပြင်ရတဲ့ဟာ မပြုပြင်မတတ်နိုင်တဲ့ဟာ မပြုပြင်မအောင့်နိုင်တဲ့ဟာ မပြုပြင်မတင့်တယ်တဲ့ဟာ မပြုပြင်

မလှတဲ့ဟာ မပြုပြင်စက်ဆုပ်စရာ့ဟာ မပြုပြင်ရွံ့စရာ့ဟာ မပြုပြင် အော့ချင်စရာ့ဟာ မပြုပြင်အန်ချင်စရာ့ဟာအမှန်၊

(၇) အနတ္တ၊ ကိုယ်ကောင်မဟုတ် ဒုက္ခသစ္စာ မအောင့်နိုင်တဲ့ဟာအမှန်။ ။အနတ္တ၊ လူမဟုတ် နတ်မဟုတ် ဗြဟ္မာမဟုတ် ဖြစ်ဖွားမဟုတ် မိန်းမမဟုတ် ယောကျ်ားမဟုတ် ငါမဟုတ် သူမဟုတ် ခွေးမဟုတ် ဝက်မဟုတ် ဒုက္ခသစ္စာ မအောင့်နိုင်တဲ့ဟာအမှန်၊

(၈) ဒုက္ခသစ္စာ၊ မအောင့်နိုင်တဲ့ဟာ အမှန်ဟူသော တရားတော်သည် ဟောကောင်း ဟောမှန် ဟောဖြောင့် ဟောစင်စစ်ဖြစ်တော်မူသော သွာက္ခာတ-ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ မျက်မှောက်ချက်ခြင်း၊ လက်ငင်း၌ပင် အကျိုးကိုပေးတတ်သော သန္ဒိဋ္ဌိက ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏၊ အချိန်အခါကို မငံ့မလင့်ရဘဲ အခါမတောင်း၊ ရဘဲ အချိန်အခါတိုင်း အကျိုးကိုပေးတတ်သော အကာလိက-ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။ မယုံလျှင် လာ၍ကြည့်ဗျည့် ရှုဗျည့် ဟူ၍ဆိုခြင်းငှါထိုက်သော ဧဟိပဿိက-ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏၊ မိမိကိုယ်ပေါ်သို့ ကပ်၍ ဆောင်ခြင်းငှါထိုက်သော ဩပနေယျိက-ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။ မိမိကိုယ်ပေါ်သို့တင်၍ ငါမိကိုယ်တိုင်ပင်လျှင် သိစွမ်းနိုင်သော ပစ္စတ္တံဝေဒိတဗ္ဗ-ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏၊ ဤသို့လျှင် ဒုက္ခသစ္စာဟူသောတရားတော်တပုဒ်တည်း၌ပင် တရားတော်ဂုဏ် ၆-ပါးနှင့် ပြည့်စုံတော်မူ၏၊ သမုဒယသစ္စာစသော တရားတော်မြတ်အပေါင်းတို့၌လည်း ဤ ၆-ပါးသော ဂုဏ်တော်တို့နှင့်ပြည့်စုံတော်မူကြကုန်၏။

နောက်ဆက် ကမ္မဋ္ဌာန်းပြီး၏။

# အိမ်ထောင်စုံ လေးမျိုး
## ရှစ်လုံးဘွဲ့။

(၁) အိမ်ရှင်လင်က—သီလမြဲစင်
အိမ်သူမယား—ဖေါက်ပြားကျင့်စဉ်
လင်ကနတ်သား—မခြားပုံသွင်
ချစ်ဇနီး—အပြီးသူသေပင်။

(၂) အိမ်သူရှင်မ—သီလမြဲစင်
အိမ်ရှင်သက်ထား—တရားမခင်
သူသေလင်သား—မခြားပုံသွင်
ချစ်ဇနီး-နတ်သမီးတူလှပင်။

(၃) လင်နှင့်မယား-နှစ်ပါးညီတူ
ကျင့်ဝတ်ဖေါက်ပြား-တရားမမူ
သူသေနှစ်ဦး-ယှဉ်ပူးကာမူ
ချမ်းသာလွဲ-ငရဲကျခံပူ။

(၄) လင်နှင့်မယား-နှစ်ပါးညီတူ
ကျင့်ဝတ်တရား—လေးစားဝင်မူ
နတ်သမီးနတ်သား-နှစ်ပါးချီမူ
နှိုင်းမှီကပ်-လူနတ်မြတ်နိဗ္ဗူ။

(၅) အိမ်ထောင်လေးပါး-ရှုစားဆင်ခြင်
မကောင်းဖယ်ထုတ်-ကောင်းမြတ်ခင်မင်
မိတ်တူကိုယ်မှု-စဉ်ပြုမြင်
မြန်ခဏ-ဝ်ရနိဗ္ဗူခွင်။

ဗုဒ္ဓံပူဇေမိ ဓမ္မံပူဇေမိ သံဃံပူဇေမိ ပူဇော်ပါ၏။

---

ကျွန်တော်-ကျွန်မတို့ ပုထုဇဉ်သား

# စိတ်

တလုံးအစရှာ၊ သမာဓိဝင်ကား

ကိုယ်ယူခဲ့ဘဝ=မရှုံးပါ။

# စိတ်

တလုံးမှန်စွာကျင့်၊

တရားယူသူ=မမှားမကွေ့၊

သမာဓိတွေ့၊ တွေ့သိမှန်လမ်း၊

လက်မလွှတ်တမ်း နှလုံးသွင်းမှတ်။

မောင်စိန်ခိုင်

ရွှေဥဒေါင်းဘယဆေးဆိုင်

၁၃၃၁ – ခုမှစ၍

ပြန်လည်ရောင်းချပါပြီ

ရပ်နီး ရပ်ဝေး

လူထုအပေါင်းတို့အားကြိုဆိုပါ၏။